ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

ဇီးအိုင်ကျေးရွာ

မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

(၂၀၂၄-၂၀၂၈)

ပြုစုရေးဆွဲသူ

ဇီးအိုင်ကျေးရွာ၊ မင်းဘူးမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ

ဇီးအိုင်ကျေးရွာ

မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၂၄ - ၂၀၂၈)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ဇီးအိုင်ကျေးရွာ၊ မင်းဘူးမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၄ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

မာတိကာ ၁

အတိုကောက်စကားလုံးများ ၅

စကားချီး ၆

ဘုမ္မနိုးကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ် ၈

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် **၉**

၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၁

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၁

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၄

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင်မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ ၂၀

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၂

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၆

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၈

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၉

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၂

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ပြဿနာနှင့်အခက်အခဲများ

ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိ
အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်
စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး၊ အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း များ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၇၀

ကိုးကားစာရင်း

၇၅

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများ ကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွား ရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေး လုပ်ငန်းများစုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာ များဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

စက်တင်ဘာလ ၊ ၂၀၂၄

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဇီးအိုင်ကျေးရွာ
မင်းဘူး(စကု)မြို့နယ်

ဇီးအိုင်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁။ နိဒါန်း

(က)ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည် ဖော်မည့် အစီအစဉ်သစ်ဖြစ် ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီး နောက်ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီး ပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာန ဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာ

ဖွံ့ဖြိုးရေး နှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်း အဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူ အညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့ မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ် ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင် ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင် အထည်ဖော်ရာတွင်ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအားအများဆုံးနှင့်အထိ ရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ် တို့၏ စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်း ဖြည်းတိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ကျေးရွာ၏ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျွန်တော်တို့ ဇီးအိုင်ကျေးရွာသည် မင်းဘူး-အမ်းလမ်းမပေါ်တွင် တည်ရှိပြီး အုပ်ချုပ်ရေး စိုက်ရာ မင်းဘူးမြို့နှင့် ဆက်သွယ်သွားလာရ လွယ်ကူပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများဖြစ်ကြသည်။ ဒေသတစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မမှာ ၈၀ မှ ၁၀၀ ဝန်းကျင် တွင်ရှိပြီး စိုက်ပျိုးရေး လုပ်ငန်းများအတွက် အသင့်အတင့် အထောက်အကူပြုပါသည်။ ကျေးရွာတည်ရှိရာသည် ကုန်းတွင်းပိုင်းတွင် တည်ရှိပြီး ဆားငန်ရေဝင်ရောက်မှုမှ ကင်းလွတ် သည်။ ကျေးရွာအနီးတွင် တောတောင်မြစ်ချောင်းများရှိပြီး မြေပြင်အနေအထားမှ မြေပြန့် ဖြစ်သည်။ ယာမြေများသည် နှမ်း၊ ပဲအမျိုးမျိုး စိုက်ပျိုးထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်း ကျောင်းလုပ်ကိုင်ရန်တို့အတွက် အဓိက အားထားရာဖြစ်သည်။

(ခ) သဘာဝအရင်းအမြစ်

ယာမြေအသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့်ကောင်း မွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတ မထွက်ရှိပါ။ တောင်သူများမှာ သဘာဝမိုးရေဖြင့် ယာမြေဧက (၁၅၁၃.၅)ကို ထွန်ယက်စိုက်ပျိုးနိုင်ပြီး နှမ်းနှင့် ပဲအမျိုးမျိုးကိုသာ အဓိကထား စိုက်ပျိုးကြပါသည်။

၃။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျွန်တော်တို့ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၆၁) စုနှင့် ကျား (၅၀၃) နှင့် မ (၅၁၉) ဦးဖြင့် လူဦးရေပေါင်း (၁၀၂၂)ဦးရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ် သည် ကျေးရွာရှိလူဦးရေပေါင်း၏ ၆၄% ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ် ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင် နိုင်သည်။ အလုပ်လုပ်နိုင်သော အရွယ်ရှိ အမျိုးသား ဦးရေသည် အမျိုးသမီးဦးရေထက် ၁ ဦး ပိုများပါသည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ ဆင်းရဲချမ်းသာ သတ်မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏ ၇၉% သည် ဆင်းရဲသော အိမ်ထောင်စုနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုအဆင့်အဖြစ် သတ်မှတ်ပြီး ၃% သည် ချမ်းသာသည့်အဆင့်၊ ၁၇% သည် အလယ်အလတ်ရှိသော အိမ်ထောင်စုအဖြစ် သတ်မှတ်ပါသည်။ ကျေးရွာတွင် ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမီမှု၊ လယ်ယာသုံးစက်ကိရိယာများ အနည်းငယ်ပိုင်ဆိုင်မှုနှင့် သဘာဝမိုးရေဖြင့် စိုက်ပျိုးနိုင်မှု တို့ကြောင့် ကျေးရွာစီးပွားရေး အနေအထားမှာ အသင့်အတင့်ကောင်းသည်ဟု ပြောနိုင် သည်။ ချမ်းသာသော ယာသမားအိမ်ထောင်စုများအပြင် အခြားယာသမားအိမ်ထောင်စု အချို့မှာလည်း လက်သမား၊ ပန်းရံ၊ ခြွေလှေ့စက်စသော အသေးစား အိမ်တွင်းလုပ်ငန်းများ တွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။ ငွေချေးသောအိမ်ထောင်စုအချို့နှင့် ဝန်ထမ်း အချို့လည်းငွေရေးကြေးရေး အဆင်ပြေကြသည်။

ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင်အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်ဆိုင်သော ယာသမားများ၊ လက်လုပ်လက်စား၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်လုပ်သားများနှင့် မြေယာမဲ့အိမ်ထောင်စုများ ပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု အရေအတွက် မြင့်မားပြီး (၃၄%) ထိရှိကာ ဆင်းရဲနှင့် အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများ ဖြစ်ကြသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု များပြားသော်လည်း ရာသီအလိုက် ယာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ခေါင်းရွက်ဗျက်ထိုးလုပ်ငန်းများ၊ ဆိုလာစက်ရုံလုပ်ငန်းများတွင် လုပ်ကိုင် ရှာဖွေ စားသောက်ကြပါသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအဆင့် အိမ်ထောင်စုများ၏ ၃၀% ဖြစ်သော အိမ်ထောင်စု (၆၂)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ ၁၀၀% မှာ သူတစ်ပါးထံမှ ချေးငှားပြီးမှ နပ်မှန်စားသုံးနိုင်ကြောင်း တွေ့ရှိရပါသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စုအားလုံးသည် အကြွေးငွေ ၇၀၀၀၀၀ကျပ်မှ ၁၅၀၀၀၀၀ ကျပ်အထိ တင်ရှိနေကြပါသည်။

ကျေးရွာတွင် အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု(၁)စုနှင့် မုဆိုးဖိုဦးဆောင်သည့် အိမ်ထောင်စု(၂)စုသည် ဆင်းရဲသည့် ထိခိုက်လွယ်သော အိမ်ထောင်စုများ ဖြစ်ကြသည်။

အခြားထိခိုက်လွယ်သောအိမ်ထောင်စုများမှာ မိသားစုစောင့်ရှောက်မှုနည်းသူများ ဖြစ်သည့် သက်ကြီးရွယ်အို(၃)ဦးတို့ဖြစ်ကြာသည်။ ရွာပြင်ပသို့ သွားရောက်ပြီး ဝင်ငွေရရှိရေးအတွက် အလုပ်သွားရောက်လုပ်ကိုင်ကြသည့် လူငယ်လူရွယ်များသည်အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှု အန္တရာယ်တို့ ရှိတတ်ကြသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရ ပြည့်ဝမှုရှိကြသည်။ ကလေးအများစုလည်း ကျန်းမာကြသည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွား မှုမှာ ရေသိုလှောင်ကန်များ၊ ဘုရားအိုး၊ ရေအိုးများအား စနစ်တကျသန့်ရှင်းစွာထားသောကြောင့် ဖြစ်ပွားမှုနှုန်းမှာ လျော့နည်းကြောင်းတွေ့ရသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်မာရေးအသိအမြင်များ ရှိကြသည်။ ကျေးရွာသားများအနေဖြင့် ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းမရှိသည့်အတွက် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို အလွယ်တကူ မရရှိနိုင်ပါ။ သို့သော် ၅ မိုင်အကွာဝေးပြီး ကားလမ်းဖြင့် အလွယ်တကူ သွားလာနိုင်သော

ဆင်ခေါင်းကျေးလက်ကျန်းမာရေးဌာနသို့လည်းကောင်း၊ ၁၂ မိုင်ခန့်ကွာဝေးပြီး ကားလမ်း ဖြင့် အလွယ်တကူသွားလာနိုင်သော မြို့နယ်ဆေးရုံ၊ ဆေးဆိုင်များနှင့်လည်း လက်လှမ်း မီသည်။

ကျေးရွာတွင် အများမှလျှဒါန်းသော အဝိစိတွင်း၊ စက်တပ်(၃)တွင်းမှ မြေအောက်ရေ ကို အလွယ်တကူ ရရှိနိုင်ကြပြီး ဝမ်းပျက်၊ ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင်သောရောဂါ ဖြစ်ပွားမှု များနည်းပါးကြောင်း တွေ့ရသည်။

(c) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့် ရှိကြောင်းတွေ့ရှိရပါသည်။ ရွာသား အများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရ အရေအတွက် အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ကျေးရွာ၏ မူလတန်းလွန်ကျောင်းတွင် တက်ရောက်သင်ကြားနိုင်ကြသည်။ သို့သော် အသက်မွေးဝမ်း ကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးဆဲဖြစ်ပါသည်။

(စ) ကျား-မရေးရာ ကိစ္စဆိုင်ရာ

ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိပါသည်။ ကျား-မရေးရာဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများ အရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျား-မကြားပြင်းထန်သော အိမ်တွင်း အကြမ်းဖက်မှုနှင့် ခွဲခြား ဆက်ဆံခြင်းကိစ္စများ မတွေ့ရှိရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြား နယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့် ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးအရေအတွက်က ပိုများပါသည်။ အလယ်တန်းနှင့် အထက်တန်းများတွင် မအရေအတွက်မှာ ကျားအရေအတွက်ထက်ပိုများ၍ အမျိုးသမီးများအတွက် ပညာသင်ယူ ရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့်အတူတူပင်ဖြစ်ပါသည်။ လုပ်အားခတွင်လည်း အမျိုးသားနှင့်အမျိုးသမီးများမှာ တန်းတူရရှိကြသည်။ ကျေးရွာစီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီး

များသည် အမျိုးသားများနှင့်အတူ တက်ကြွစွာပါဝင်ဆောင်ရွက်ကြသည်။ ထို့ကြောင့် ဇီးအိုင်ကျေးရွာသည် ကျား–မ တန်းတူ အခွင့်အရေးများ ရရှိသည်။

၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၃) ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ (၂)ဖွဲ့နှင့် စီးပွားရေးဆိုင်ရာ (၃)ဖွဲ့တို့ရှိသည်။ မြန်မာ့အသေးစား ငွေကြေးအဖွဲ့ကို ပြင်ပမှ ဖွဲ့စည်း ပေးထားပြီး အသေးစားငွေစုငွေချေးလုပ်ငန်းကို လည်ပတ်ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲနှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှုကြသည်။ သို့သော် အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက် ကောင်းမွန်လာနိုင်ပါသည်။

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် နှမ်းနှင့် ပဲအမျိုးမျိုးတို့ကို အဓိကထားစိုက်ပျိုးကြပါသည်။ နှမ်းနှင့် ပဲအမျိုးမျိုးစိုက်ဧက (၁၅၁၃.၅)ဧကရှိပါသည်။ နှမ်း (၁)ဧကလျှင် (၁)တင်းမှ (၆)တင်းနှုန်း ထွက်ရှိပြီး ပဲအမျိုးမျိုး (၁)ဧကလျှင် (၁၅)တင်းမှ (၃၀)တင်းနှုန်း ထွက်ရှိသော်လည်း ဈေးကွက်မတည်ငြိမ်မှုကြောင့် တောင်သူများမှာ အမြတ်ရရှိမှု အလွန်နိမ့်ပါသည်။ ထို့ကြောင့် သီးနှံဈေးကွက်များ တည်ငြိမ်မှုရှိအောင် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများမှ ပံ့ပိုးကူညီပေးရန် လိုအပ်ပါသည်။ ၎င်းနှမ်းနှင့် ပဲအမျိုးမျိုးကို အဓိက သဘာဝဘေးရေမှ ရေရရှိစိုက်ပျိုးကြသည်။

တောင်သူအများစုသည် ယာလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခ ပိုမိုပေးမှသာ အလုပ်သမားများကို ရရှိနိုင်ကြကာ ကုန်ကျစရိတ် မြင့်မားသည်။ အချို့တောင်သူများမှာ အလုပ်သမားရှားပါးမှုနှင့် ကုန်ကျစရိတ်မြင့်တက်မှုတို့ကို မတတ်နိုင်မှုကြောင့် အများနည်းတူ သီးနှံထွက်ရှိမှု လျော့နည်းသည်။ တခါတရံတွင် တောင်သူများသည် မိုးရွာသွန်းမှုမညီမျှ ရင်ဆိုင်ရတတ်သည်။ နှမ်းနှင့် ပဲအမျိုးမျိုးစိုက်ခင်းများတွင် လည်း ဖျက်ပိုးကျရောက်မှုကို ပိုမိုတွေ့ရပြီး ယင်းပိုးများသည် ပိုးသတ်ဆေး တစ်ချို့ကို ခံနိုင်စွမ်းရှိကြသဖြင့် တောင်သူများအနေဖြင့် ထိရောက်သော

ဖျက်ပိုးနှိမ်နှင်းရေးနည်း စနစ်ကို လိုလားနေကြသည်။ ကျေးရွာတွင် စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှုမှာ ထွန်စက်(၂)စီး၊ လက်တွန်းထွန်စက်(၄)စီးနှင့် အခြားနွားစာစဉ်း စက်(၁၉)စီးသာရှိပါသည်။

ကျေးရွာတွင် ဝက်မွေးသူအိမ်ထောင်စု အရေအတွက်မှာ (၁၁)စုရှိပြီး ဒေသဝက်မျိုး များကိုမွေးမြူကြသည်။ ဒေသကြက်မွေးသည့် အိမ်ထောင်စုမှာလည်း တစ်ရွာလုံး၏(၁၁၅)စု ရှိပြီး ဈေးကွက်တွင် ဝယ်လိုအားရှိသည်။ ရာသီအလိုက်ဖြစ်ပွားတတ်သော တိရိစ္ဆာန်ရောဂါ များ အထူးသဖြင့် ကြက်လည်လိမ်ရောဂါ၊ ကြက်နာရောဂါများအဖြစ်များပြီး ရောဂါကြောင့် သေဆုံးပျက်စီးမှုများ ရှိတတ်သည်။ နည်းပညာဝန်ဆောင်မှုများရရှိရန် သက်ဆိုင်ရာဌာနများ နှင့် ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ကျေးရွာတွင် နွားမွေးမြူသော အိမ်ထောင်စုမှာ (၁၃၇)စုရှိသော်လည်း ရာသီအလိုက် ဖြစ်ပွားတတ်သော ခွာနာ၊ လျာနာ၊ ပေါင်ပုပ်၊ လက်ပုပ် ရောဂါများ ဖြစ်ပွားလေ့ရှိသည်။ မွေးမြူရေး လုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသောအိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်း တည်ထောင်၊ တိုးချဲ့ဆောင်ရွက်ရန် ချေးငွေကို အလွယ်တကူ မရရှိနိုင်ကြချေ။ ရွာထဲမှ ငွေချေးသူများ ထံမှ ချေးငှားလျှင်လည်း အတိုးနှုန်းမှာ မြင့်မားတတ်သည်။ သို့သော် ချေးငွေကို မြစိမ်းရောင်၊ သမ၊ Pact နှင့် Save the Children တို့မှ အတိုးနှုန်းသက်သာစွာရရှိကြသည်။ ထိုကြောင့် အဆင်ပြေ သင့်သလောက် ပြေပါသည်။ ကျေးရွာတွင်ရေမြေနေရာ အဆင်မပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်း များမရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စား အလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုး၊ အစိုးရဝန်ထမ်းတို့ဖြစ်ကြသည်။ အခြားလုပ်ငန်းစုများမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့် အနေအထားတွင်ရှိသည်။ လက်လုပ် လက်စားအလုပ်များမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေ မမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားခြင်းမှာ အလာကောင်းတစ်ရပ် ဖြစ်သည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော

လုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်လျှော့စသည်တို့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါသင်တန်းများနှင့် ထိတွေ့မှုနည်းပါးကြသည်။ လုပ်ငန်းခွင်သုံး ပညာ အရည်အချင်းပိုင်းတွင်လည်း အနည်းငယ် နိမ့်ကျပြီး သင်တန်းစရိတ် အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြပါ။ ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့သာ အပ်ချုပ်၊ စက်ပြင် စသော သင်တန်းများသို့ အခကြေးငွေ အကုန်အကျခံကာ ပို့လွှတ်သင်ကြားကြသည်။

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

ကျေးရွာရှိ စိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့်ဓါတုမြေဩဇာသုံးစွဲမှုများသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းနိုင်ပါသည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေး စနစ်အစားဓါတု ပိုးသတ်ဆေးကိုသာ အသုံးပြုမှုများလာပါသည်။ လူနေထူထပ်ခြင်းနှင့် အဆောက်အဦးများပေါများစွာ ဆောက်လုပ်ခြင်းနှင့် ရာသီဥတုဖောက်ပြန်မှုနှင့် တောင်သူများ၏ ပိုးသတ်ဆေးများ စနစ်တကျ အသုံးမပြုခြင်းကြောင့် အပင်မျိုးစိတ်များနှင့် ဖျက်ပိုးရောဂါကာကွယ်ထိန်းချုပ်မှုမှာ အသင့်အတင့်ဖြစ်သည်။ ကျွတ်ကျွတ်အိတ်များ၊ ပိုးသတ်ဆေးအခွံများ မဆင်မခြင်စွန့်ပစ်မှုကြောင့် သဘာဝပတ်ဝန်းကျင် ညစ်နွမ်းရသောကြောင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု အန္တရာယ် ဖြစ်ပွားမှုမြင့်မားပါသည်။

(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို တစ်လအတိုးနှုန်း ပြား(၆၀)နှုန်း၊ (၁)ကေ (၂၀၀၀၀)ကျပ်နှုန်းဖြင့် အများဆုံး(၁၀)ကေအတွက် ချေးယူနိုင်ကြသည်။ သို့သော် ပုံစံ(၇)မရှိလျှင် ချေး၍ မရပါ ။ ကျေးရွာတွင် အဖွဲ့လိုက် ငွေစုငွေချေး အဖွဲ့များလည်းရှိသည်။ ၎င်းအဖွဲ့အစည်းများမှာ မြစိမ်းရောင်၊ Pact၊ သမနှင့် NAG အဖွဲ့အစည်းများဖြစ်သည်။ မြစိမ်းရောင်စီမံကိန်း ချေးငွေပြန်လည်ပေးဆပ်ရမည့်ကာလမှာ (၁)နှစ်ဖြစ်ပြီး အတိုးနှုန်းမှာ (၁)ကျပ်ဖြစ်ပြီး Pact ပြန်လည်ပေးဆပ်ရမည့်ကာလမှာ (၄)လဖြစ်ပြီး အတိုးနှုန်းမှာ (၁)ကျပ် (၃၀)ပြားဖြစ်သည်။ တချို့အိမ်ထောင်စုများမှာ ရွာထဲမှ ငွေတိုးချေးစားသူများထံမှ တစ်လအတိုးနှုန်း(၂၀)ကျပ်နှုန်းဖြင့်လည်းကောင်း၊ မိတ်ဆွေ၊ မိသားစုဝင်များထံမှ တစ်လအတိုးနှုန်း (၁၅)ကျပ်နှုန်းခန့်ဖြင့်လည်းကောင်း ချေးယူနိုင်ကြပါသည်။

ကျေးရွာသားအများစုသည် ချေးငွေအကြောင်းအရင်းမျိုးစုံဖြင့် (ရိက္ခာ၊ ပညာရေး၊ ကျန်းမာရေး)တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပါသည်။ ကျေးရွာတွင်း အကြွေးထားရှိမှု အနေအထားကို လေ့လာဆန်းစစ်ချက်အရ ပါဝင်သော ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများအားလုံးသည် အကြွေးယူထားကြပြီး အကြွေး ငွေ ၇၀၀၀၀၀ကျပ်မှ ၁၅၀၀၀၀၀ ကျပ်အထိ ချေးယူထားကြောင်း တွေ့ရှိရပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းလွန်ကျောင်းကို အလျား ၆၀ ပေ၊ အနံ ၃၀ ပေ၊ အမြင့် ၁၂ ပေ ကျယ်ဝန်းပြီး သွပ်မိုး၊ အုပ်နံရံကာနှင့် ကွန်ကရစ်ခင်းကျောင်းဆောင်ဖြစ်ပါသည်။ ရွာသားအားလုံးမှာ ရေးတတ်ဖတ်တတ်ကြပြီး ဘုန်းကြီးကျောင်းပညာရေးတတ်မြောက်သူ (၅၄)ဦးရှိပါသည်။ မူလတန်း အောင်လူဦးရေမှာ ပိုများပါသည်။ ယခုနှစ်ကျောင်းအပ်နှံသည့် နှုန်းထားသည် ကျေးရွာရှိ မူလတန်းအရွယ်နှင့် အလယ်တန်းအရွယ်ရှိသူ အရေအတွက် ထက်ပိုနေကြောင်း တွေ့ရှိရကာ ၎င်းမှာ မူလတန်းတွင် (၉)နှစ်၊ အလယ်တန်းတွင် (၁၄)နှစ် ထက်ကြီးသော ကျောင်းသား/သူများပါရှိသည်။ ကျောင်းတွင် ကျောင်းသုံးပရိဘောဂ လုံလောက်ပြီး ကျောင်းဆရာ/ဆရာမ (၁၀)ဦးရှိသည်။ တပည့်- ဆရာအချိုးညီမျှသော်လည်း ဘာသာရပ်သင်ကြားမှုနှင့် ပတ်သက်လျှင် မညီမျှပါ။ ယခုလက်ရှိတွင် မူလတန်းပညာ ကျောင်းထွက်နှုန်းမရှိပါ။ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာလုံလောက်မှုရှိပြီး ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှုဟူ၍ မရှိပါ။ သို့သော် ကျောင်းအား ကစားဆိုင်ရာပစ္စည်းများ လက်လှမ်းမီမှုရှိသော်လည်း ငွေကြေးမတတ်နိုင်ကြပါ။

ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းမရှိသည့်အတွက် ဆင်ခေါင်းကျန်းမာရေးဌာနသို့ သွားရောက်ကုသမှုခံယူရပါသည်။ရွာမှ ခရီးအကွာအဝေးမှာ (၅)မိုင်ဖြစ်ပြီး ဝန်ထမ်းဦးရေမှာ (၃)ဦးရှိပါသည်။ မင်းဘူးမြို့နယ်ဆေးရုံသို့ ခရီးအကွာအဝေးမှာ (၁၂)မိုင် (၅)ဖာလုံရှိပြီး အခန်း၊ ကုတင် လုံလောက်မှုရှိပါသည်။ မင်းဘူးမြို့သည် လျှပ်စစ်မီး ရရှိသောမြို့ဖြစ်သည့်အလျောက် အအေးခန်းဖြင့် သိုလှောင်ရန် လိုအပ်သောဆေးများ အတွက် ရေခဲသေတ္တာသုံးပြီး သိုလှောင်ထားနိုင်သည်။

ကျေးရွာတွင် အများမှလျှဒါန်းသော အဝိစိတွင်း ၊ စက်တပ်(၃)တွင်းရှိပြီး တစ်ရွာလုံး အသုံးပြုကြပြီး လုံလောက်မှုရှိသည်။ သို့သော် တစ်ရွာလုံးပျမ်းမျှတွက်လျှင် ရေတွင်း အရေအတွက် အားနည်းပါသည်။ ထို့အပြင် မိုးရေသိုလှောင်ကန်နှင့် ချောင်းရေကိုလည်း အသုံးပြုကြသည်။ သို့သော် မိုးရာသီ၌သာရရှိပြီး ကျန်ပွင့်လင်းရာသီမှာ မရရှိပါ။ တစ်ရွာလုံး နီးပါး ကျန်းမာရေး ဗဟုသုတရှိခြင်းကြောင့် ယင်လုံအိမ်သာသုံးစွဲကြသည်။ ထိုကြောင့်

ရေကြောင့်ဆက်စပ် ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုများ နည်းပါးသည်။ စာသင်ကျောင်း တွင်လည်း ကျောင်းအိမ်သာ စနစ်တကျ ဆောက်လုပ်ထားပြီး လုံလောက်မှုမရှိပါ။

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်သည့်နေရာ သီးသန့်မရှိပေ။ လူငယ်များသည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင် ဆောင်ရွက်ကြပြီး ဘာသာရေး ပွဲတော်များ တွင်လည်း ရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင်လည်း တက်ကြွစွာပါဝင်ဆောင်ရွက်ကြသည်။ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်း ရေးမှာလည်း အလေးထား ဆောင်ရွက်ကြပါသည်။ စာကြည့်တိုက်၊ အင်တာနက်စသည် များအား လက်လှမ်းမီမှုရှိသည်။

(ဇ) အခြေခံ အဆောက်အဦးများအား လက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်မှီးအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာရှိ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး နွားလှည်းများကို အသုံးပြု မောင်းနှင်ကြသည်။ ရေလမ်းခရီးအသုံးပြုမှုမရှိဘဲ လမ်းပန်းဆက်သွယ်ရေးအတွက် စက်ဘီး (၂၀)စီး၊ ဆိုင်ကယ် (၁၇၀)စီး၊ သုံးဘီးဆိုင်ကယ် (၁၁)စီးနှင့် ကား (၁၁) တို့ကို အသုံးပြုလျက် ရှိကြသည်။

ကျေးရွာတွင် မဟာဓါတ်အားလိုင်းနှင့် နီးသော်လည်း ငွေကြေးမတတ်နိုင်ခြင်းကြောင့် လျှပ်စစ်မီး မရရှိပါ။ ဆိုလာစနစ်အသုံးပြုသော အိမ်ထောင်စု(၁၄၄)စုနှင့် ဒီဇယ်သုံးအင်ဂျင် အသုံးပြု သော အိမ်ထောင်စု(၁၀)စုရှိသည်။

ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားဝန်ဆောင်မှုလုပ်ငန်း များအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုမှုမှာ အသင့်အတင့် မျှသာကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက် အသုံးပြုနိုင်သည်။ ကျေးရွာတွင် စာကြည့်တိုက်ရှိပြီး ရွာသားများသည် သတင်းစာ၊ ဂျာနယ် တို့ကိုလည်း ဝယ်ယူဖတ်ရှုကြပြီး တစ်ရွာလုံး အတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်း ဆက်သွယ်ရေးမှာ အတော် အသင့် ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင်ရာဇဝတ်မှုခင်းဖြစ်ပွါးမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းသောကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော် ရွာသားများသည် မိုဘိုင်း

တယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များ အတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင် သော်လည်း ချိတ်ဆက်ဆောင်ရွက်မည့်သူ မရှိသလောက်ပင်ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရယ် လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ သို့သော်အရံ မီးသတ်တပ်ဖွဲ့များရှိပါသည်။ သို့သော်စနစ်တကျ လေ့ကျင့်သင်ကြားပေးခြင်းမရှိပါ။ ရွာသူ/ သားများသည် ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှု ဖြစ်ပွားခြင်းနည်းပါးသည်။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတား များနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်ပံ့ဖြစ်စေသော အခြေနေကောင်းများ

ကျေးရွာတွင် လျှပ်စစ်မီးမရရှိသော်လည်း ဆိုလာစနစ်ဖြင့် အသုံးပြုကြသည်။ ကျောင်းသား/သူများအတွက် စာဖတ်ချိန်အထောက်အပံ့ဖြစ်သော်လည်း လျှပ်စစ်မီးကဲ့သို့ အထောက်အပံ့အားမကောင်းပါ ။ ထိုကြောင့် လူနေမှုအဆင့်တန်းမြင့်မားရေးအတွက် သက်ဆိုင်ရာဌာနများ၏ ချိတ်ဆက် ဆောင်ရွက်မှု အထောက်အပံ့များ လိုအပ်ပါသည်။

လူငယ်ပညာတတ်များရှိပြီး လူဦးရေအားလုံး၏ ၆၄ ရာခိုင်နှုန်းမှာ အလုပ်လုပ် နိုင်သည့်အရွယ်များဖြစ်ကြပါသည်။ ဘွဲ့ရနှင့် ဆယ်တန်းအောင်အရေအတွက် အသင့်အတင့် ရှိသည်။ ကျေးရွာ လူထု၏ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများ လက်လှမ်းမှီနိုင်ကြသည်။ ကျေးရွာသားများ အနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသ လိုမှုအတွက်လည်း မင်းဘူး၊ စကုဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူကြရပါသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေးအနေအထားအတွက် ကောင်းသောအဆင့်တွင် ရှိနေ ကြသည်။

သဘာဝအရင်းအမြစ်များတွင် ယာမြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီဩဇာ အခြေအနေမှာ အတော်အသင့်ကောင်းမွန်သည်။ အဓိကရေအရင်းမြစ်မှာ မိုးရေဖြစ်ပြီး သဘာဝ မြေဆွေးနှင် အော်ဂဲနစ် မြေဩဇာမှာ နွားချေး၊ ဆိတ်ချေးနှင့် သစ်ရွက်ဆွေးများမှ ရရှိသည်။

အော်ဂဲနစ်/ဓါတုပိုးသတ်ဆေးများကို ကျေးရွာအတွင်းနှင့် မင်းဘူး၊ မကွေးမြို့များသို့ သွားရောက်ဝယ်ယူနိုင်သည်။ တောင်သူများသည်လည်း ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ပေးနိုင်သည်။ မိုးရေသွန်းမှုမှာ နှမ်းနှင့် ပဲအမျိုးမျိုး စိုက်ပျိုးရန် အထောက် အပံ့ဖြစ်သည်။ ကျေးရွာတွင် မင်းဘူး၊ မကွေးမြို့ကြီး များသို့ ကတ္တာလမ်းဖြင့် ကူးသန်း သွားလာနိုင်သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မီတင်ပို့ရောင်းချနိုင်သည်။

ကျေးရွာတွင် မွေးမြူရေးထွက်ကုန်ရောင်းချရန် ဈေးကွက်ကောင်းသဖြင့် ကြက်နှင့် နွားတို့ကို တိုးချဲ့မွေးမြူရန် အခွင့်အလမ်းသာပါသည်။ သို့သော် တိမွေး/ကု ဦးစီးဌာနမှ လိုအပ်သော နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးရန် လိုအပ်သည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်းရောင်းဝယ်မှုကို ချော့မွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြ သည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက် များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာရှိ ယာမြေများမှာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်ပြီး အခြားသယံဇာတ များ မထွက်ရှိပါ။ ယာမြေများ ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်းတိုးမြင့်အောင် ဆောင်ရွက်ရပေသည်။ ငွေကြေးအရင်းနှီးရရှိမှု ပြဿနာမှာ အချိန်မီမရရှိသောကြောင့် လုံလောက်မှုမရှိပါ။ လုပ်သားရှားပါးမှုပြဿနာမှာ စိုက်ပျိုး ရာသီသာ အလုပ်အကိုင်ရှိပြီး ကျန်အချိန်မှာ အလုပ်အကိုင်မရှိသောကြောင့် နယ်ထွက် အလုပ်လုပ်ကိုင်သူများ များပြားလာသည်။

စိုက်ပျိုးရေမလုံလောက်မှုပြဿနာမှာ သဘာဝမိုးရေကိုသာ အဓိကထား စိုက်ပျိုး ရသောကြောင့် မိုးကောင်းလျှင် လုံလောက်မှုရှိပြီး မိုးခေါင်လျှင် လုံလောက်မှုမရှိပါ။ ထိုပြင် ပိုးသတ်ဆေးအချို့ကို ခံနိုင်သော ဖျက်ပိုးများလည်း ကုလားပဲ၊ မတ်ပဲစိုက်ခင်းများတွင် ကျရောက်ပါသည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေး ကျင့်သုံးနိုင်ရေး

အထောက်အပံ့များရရှိရန် လိုအပ်သည်။ ကျေးရွာတွင် ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်းမှာမြင့်မားပါသည်။ ဘဏ်များမှ ကျေးရွာအရောက် ဝန်ဆောင်မှုပေးသော စနစ် မရှိပါ ။ သို့သော် စိုက်ပျိုးရေးဘဏ်မှ ချေးငွေရရှိသော်လည်း နည်းပါးသောကြောင့် တောင်သူ များအဖို့ လုံလောက်မှုမရှိပါ။

ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖြစ်သည့် စက်ချုပ်၊ ဆိုင်ကယ်၊ စက်ပြင်၊ မိုဘိုင်းဖုန်းပြင်ဆင်ရေး၊ ပန်းရံ၊ လက်သမားနှင့် ယက်ကန်းများအတွက် နည်းပညာပေးသော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးရန် လိုအပ် ပါသည်။ ထိုအပြင် ငွေကြေးမတတ်နိုင်ခြင်းကြောင့် နည်းပညာများ မသင်ကြားနိုင်ပါ။အသက် မွေးဝမ်းကျောင်းသင်တန်းများ သင်ကြားပေးနေသော ကျေးလက်၊ NGO အဖွဲ့အစည်းများနှင့် ဦးဆောင်ချိတ်ဆက်မည့်သူ နည်းပါး ခြင်းကြောင့် ပြဿနာနှင့် အခက်အခဲများရှိသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင် ညှိနှိုင်းပြီးလာမည့် ငါးနှစ် တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထား ပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြင့်တင်ခြင်း၊ အလုပ်အကိုင်များ ဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများ ရရှိခြင်းမှတစ်ဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေး အနေအထားကို တိုးတက်ရရှိစေရမည်။

က.၂) ကျွန်ုပ်တို့လူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတစ်ဆင့် ကလေး ငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရေးနယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများ ဖွဲ့စည်းပြီး ကျေးရွာ အခြေပြု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေး စီမံခန့်ခွဲမှုယန္တရား တိုးတက်လာရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ.၁) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစား ငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များရင်းနှီးငွေရရှိစေရန် အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင်ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးမွေးမြူရေးနည်းပညာ သင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်။ သင်တန်းတက်ထား သူများမှ တဖန်ကျေးရွာတွင် ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချ ကာထုတ်လုပ်မှု တိုးတက်စေမည်။

ခ.၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ယိုနှင့်မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊စက်ပြင်၊ မော်တော် ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင် စသောသင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သော သင်တန်း သားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်း အစီအစဉ်နှင့် ချိတ်ဆက် ပေးမည်။

ခ.၃) ကျေးရွာတွင် ပညာရေးဌာနနှင့်ချိတ်ဆက်ပြီး အလယ်တန်းကျောင်းဆောင်ရရှိအောင် ဆောင်ရွက်ပြီး ဘာသာရပ်အလိုက် ကျွမ်းကျင်မှုပြည့်ဝသော ဆရာ/မ ခန့်ထားရရှိနိုင်ရေး တို့အတွက် ဆောင်ရွက်သွားမည်။

ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ကျေးလက်ဆေးပေးခန်း အဆောက်အဦးများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ တစ်ချိန်တည်းတွင် ကျေးရွာ လူမှု အဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲ နိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေး ဆောင်ရွက်မည်။

(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီ ဖြေရှင်းပေးရမည့် ကိစ္စများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာ များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏

အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့် မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများ ကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန် စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေး စီမံချက်များနှင့်ဘတ်ဂျက် ပမာဏပါဝင်သည့် နှစ်ပါတ်လည် ဖွံ့ဖြိုးရေး စီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

(ခ) စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်ရေး

ကျေးရွာတွင် နှမ်းအပြင် ပဲအမျိုးမျိုးကို သီးထပ်အဖြစ် စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာ တစ်ရပ်ဖြစ်ပြီး ဖျက်ပိုးများထိရောက်စွာ နှိမ်နှင်းရေးအတွက် နည်းစနစ်များ လိုအပ်ပါသည်။ ဖျက်ပိုးနှိမ်နှင်းရေးအတွက် သက်ဆိုင်ရာဦးစီး ဌာနမှ ဝန်ဆောင်မှုများကို ရရှိသော်လည်း စိုက်ပျိုးရေးထွက်ကုန်များ ရောင်းချသည့် ပုဂ္ဂလိက အရောင်းဆိုင်များကို မှီခိုအားထားမှုပိုများသည်။ သီးနှံဖျက်ပိုးများသည့် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်း ရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။ ထို့အပြင် ဈေးကွက်မတည်ငြိမ်မှုကြောင့်လည်း တောင်သူများ ဝင်ငွေလျော့နည်းမှု ဖြစ်စေသည်။ နည်းပညာအသုံးပြုပုံများ အပါအဝင် ပိုးမွှားများနှိမ်နှင်းရေး၊ နည်းပညာအသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးဆောင်ပြုသင့်ပါသည်။

(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီး များအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့်အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့်အသေးစား စီးပွားရေးလုပ်ငန်းများ အတွက် အထိုက်အလျောက် များပြားသည့် ချေးငွေလိုအပ်ပါသည်။

(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ အထောက်အပံ့

ကျေးရွာတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာ ရှိပြီး အလုပ်အကိုင်နှင့်အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့်အမျိုးသမီးများ အတွက် အခွင့်အလမ်းရှိပါသည်။ သို့သော်ငင်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှု နည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမှီမှုတွင် အားနည်းသည်။ နိုင်ငံတော်အစိုးရနေဖြင့်လည်း စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု အဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့်စီမံခန့်ခွဲရေး အောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင် တစ်ချို့နှင့် တိုးချဲ့ပညာပေးရေး ဝန်ထမ်းအချို့ ပါဝင်မည်ဖြစ်ပြီး မြို့နယ်ဒေသမှသည် ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှု အထောက်အကူပြု လုပ်ငန်း များကို ဆောင်ရွက်ရန်အတွက် လုံလောက်သော ရန်ပုံငွေလည်း ရှိရပါမည်။

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများ အဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသောပန်းတိုင်များကို ရောက်ရှိရန်ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိက သော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာစီမံခံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ တစ်လျှောက်လုံးတွင် နောက်ထပ် ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ် တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက် မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ အတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွါးရေးအကျိုးဖြစ်ထွန်းမှုနှင့်အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း (Functional classification) – ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များ

အကြောင်းအရာ	စီမံချက်	ရမှတ်ပေါင်း	အဆင့်	စီမံချက်အကြောင်း ရှင်းလင်းဖော်ပြခြင်း	မှတ်ချက်
လမ်းပန်းဆက်သွယ်ရေးကဏ္ဍ					
လမ်းများကောင်းမွန်လာစေရန်	ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း	၁၀၀	၁	-လမ်းကော်မတီဖွဲ့စည်းခြင်း -ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်အကူအညီတောင်းခံခြင်း -ရန်ပုံငွေများကောက်ခံခြင်း -- ကျေးရွာလူထုမှပါဝင် ဆောင်ရွက်ခြင်း -လမ်းများကောင်းမွန်အောင်ဆောင်ရွက်ခြင်း	ကျေးလက်ဦးစီးဌာန
ရေကောင်းရေသန့်ရရှိရေးကဏ္ဍ					
သန့်ရှင်းသောသောက်သုံးရေ ရရှိစေရန်နှင့် သောက်သုံးရေ လုံလောက်စွာ ရရှိစေရန်	ရေသန့်စင်စက်တပ်ဆင်ခြင်းနှင့် စက်ရေတွင်းတူးဖော်ခြင်း	၈၅	၂	-ရေကော်မတီဖွဲ့စည်းခြင်း -သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက် အကူအညီတောင်းခံခြင်း -ရန်ပုံငွေများစုဆောင်းကောက်ခံခြင်း -ပြင်ပအလှူရှင်များနှင့်ချိတ်ဆက်အကူအညီ တောင်းခံခြင်း	ကျေးလက်ဦးစီးဌာန

ကျန်းမာရေးကဏ္ဍ					
ကျန်းမာရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေး	ကျေးလက်ဆေးပေးခန်း တည်ဆောက်နိုင်ရန်	၇၆	၃	- ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ အကူအညီတောင်းခံခြင်း။ -ကျေးလက်ဆေးပေးခန်းနှင့် ကျန်းမာရေးဝန်ထမ်း ရရှိရန် အကူအညီတောင်းခံခြင်း။ -ကာကွယ်ဆေးများထိုးနှံခြင်း -ကျန်းမာရေးဝန်ဆောင်မှုများ ရရှိစေရေး တင်ပြအကူအညီတောင်းခံခြင်း	ကျန်းမာရေး ဦးစီးဌာန
သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ					
ပတ်ဝန်းကျင် သန့်ရှင်း သာယာလှပစေရန်	အမှိုက်သိမ်းယာဉ် ဝယ်ယူခြင်း	၅၁	၅	- စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှု ကော်မတီဖွဲ့စည်းခြင်း - ရန်ပုံငွေများစုဆောင်းကောက်ခံခြင်း - NGO၊ INGO အဖွဲ့အစည်း၊ ပြင်ပအလှူရှင်များနှင့် ချိတ်ဆက်အကူအညီတောင်းခံခြင်း - ကျေးရွာသူ/သားများ စနစ်တကျ အမှိုက်စွန့်ပစ်နိုင်စေရေး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း	သက်ဆိုင်ရာ အဖွဲ့အစည်း

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုကဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင် ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက်	အဆင့်	၂၀၂၄	၂၀၂၅	၂၀၂၆	၂၀၂၇	၂၀၂၈
၁။	ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း	၁	✓				
၂။	ရေသန့်စင်စက်တပ်ဆင်ခြင်း	၂	✓				
၃။	ကျေးလက်ဆေးပေးခန်း တည်ဆောက်ခြင်း	၃		✓			
၄။	စက်ရေတွင်း တူးဖော်ခြင်း	၄			✓		
၅။	အမှိုက်သိမ်းယာဉ် ဝယ်ယူခြင်း	၅				✓	

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ သည် တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာန ဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်းလိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်း ဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ- လုပ်အား၊သဲ၊ကျောက်၊ပစ္စည်း ကိရိယာ၊အချိန် စသည်)

စီမံချက်ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန် အသုံး စရိတ်	ငွေလုံးငွေရင်း အသုံးစရိတ်		လူသား ချင်းစာနာ မှုဆိုင်ရာ ထောက်ပံ့ မှု
				ငွေလုံး ငွေရင်း အသုံး စရိတ်	စွမ်း ဆောင် ရည်မြှင့် တင်ရေး	
၁	ကျေးရွာတွင်းလမ်းကွန်ကရစ် ခင်းခြင်း	၁၅၀	၂ သိန်း	၁၄၈ သိန်း	-	-
၂	ရေသန့်စင်စက်တပ်ဆင်ခြင်း	၇	-	၇ သိန်း	-	-
၃	ကျေးလက်ဆေးပေးခန်း တည်ဆောက်ခြင်း	၄၀၀	၅သိန်း	၃၅၅ သိန်း	-	၁၀သိန်း
၄	စက်ရေတွင်း တူးဖော်ခြင်း	၂၀၀	၅သိန်း	၁၉၅ သိန်း	-	-
၅	အမှိုက်သိမ်းယာဉ် ဝယ်ယူခြင်း	၃၀၀	၅ သိန်း	၂၉၅ သိန်း	-	-

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုကဦးဆောင် အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန် ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး

တာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက် နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာ မူလတန်းကျောင်း၏ ပညာရေးအရည် အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာ ကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက်အကူပြု လမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာအကူအညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်း တစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသော

အဖွဲ့၏တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာ ဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ)ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် လမ်းများပြုပြင်ခြင်းလုပ်ငန်းတွင် စေတနာအလျောက်ထည့်ဝင်လိုသူများ ထံမှ အလှူငွေ ကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် လမ်းများပြုပြင်ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင် ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည် ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် စီစဉ်လုပ်ဆောင်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

(က)ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress)

တို့ကို စနစ်တကျ ကြီးကြပ် စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေး ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်း လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ (Baseline)ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်း(indicator)များဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့်အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကို ရွာလူထုအစည်းအဝေးခွဲ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှု ကော်မတီမှဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲ အဟန့်အတားများနှင့် ပြုပြင် သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထား ချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များ စုဆောင်းရာတွင်ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာအနှစ်ချုပ် ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃

မျက်နှာခန့် ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖေါ်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှာမှုများ၊ ကျေးရွာသူ/သား များ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန်ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်း များမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့ အစည်းများ(ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေး အဖွဲ့ အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်း ကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး အစီအစဉ်ကို ပြန်လည် ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလ တွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီ များကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု စီမံကိန်း ဇယားများ

(၁) လူမှုစီးပွားရေး အခြေအနေ

(၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %
၁ နှစ်အောက်	နို့စို့အရွယ်	၇	၁၃	၂၀	၁.၉၅%
၁ နှစ်မှ ၅နှစ်အောက်	၅ နှစ်အောက်ကလေးငယ်	၃၅	၂၄	၅၉	၅.၇၇%
၅ နှစ်မှ ၉ နှစ်အထိ	မူလတန်းကျောင်းသား အရွယ်	၃၅	၅၄	၈၉	၈.၇၀%
၉ နှစ်အထက်မှ ၁၅ နှစ် အထိ	အလယ်တန်းကျောင်းသား အရွယ်	၆၆	၅၉	၁၂၅	၁၂.၂၃%
၁၅ နှစ်အထက်မှ ၆၀ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၃၂၅	၃၃၀	၆၅၅	၆၄.၀၉%
၆၀နှစ်နှင့်အထက်	သက်ကြီးရွယ်ကြီး	၃၅	၃၉	၇၄	၇.၂၄%
စုစုပေါင်း လူဦးရေ- ၁၀၂၂		**၃၄၇**	**၅၀၃**	**၅၁၉**	**၁၀၀**
စုစုပေါင်း အိမ်ထောင်စု - ၂၆၁		**တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၄ ဦး**			

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ရွာသည် မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ဇီးအိုင်အုပ်စု၊ ဇီးအိုင်ကျေးရွာဖြစ်ပါသည်။ ကျွန်မတို့ရွာတွင် အိမ်ထောင်စု(၂၆၁)စုရှိပါသည်။ စုစုပေါင်းလူဦးရေမှ (၁၀၂၂)ဦးရှိပါသည်။ ၁ နှစ်အောက်ကလေးမှာ ကျား (၇)ဦး၊ မ(၁၃)ဦး၊ စုစုပေါင်း(၂၀)ဦးရှိပြီး ၁.၉၅ % ရှိပါသည်။ ၁ နှစ်မှ ၅ နှစ်အောက်ကလေးမှာ ကျား (၃၅)ဦး၊ မ(၂၄)ဦး၊ စုစုပေါင်း(၅၉)ဦးရှိပြီး ၅.၇၇ % ရှိပါသည်။ ၅ နှစ်မှ ၉ နှစ်ထိ မူလတန်းကျောင်းသားအရွယ်ကလေးမှာ ကျား (၃၅)ဦး၊ မ(၅၄)ဦး၊ စုစုပေါင်း (၈၉)ဦးရှိပြီး ၈.၇၀ % ရှိပါသည်။ ၉ နှစ်အထက်မှ ၁၅ နှစ်ထိ အလယ်တန်းကျောင်းသားအရွယ် ဦးရေမှာ ကျား (၆၆)ဦး၊ မ(၅၉)ဦး၊ စုစုပေါင်း(၁၂၅)ဦးရှိပြီး ၁၂.၂၃ % ရှိပါသည်။ ၁၅နှစ်အထက်မှ ၆၀ နှစ်ထိ

အလုပ်လုပ်နိုင်သည့်အရွယ်ဦးရေမှာ ကျား (၃၂၅)ဦး၊ မ(၃၃၀)ဦး၊ စုစုပေါင်း(၆၅၅)ဦးရှိပြီး ၆၄.၀၉ % ရှိပါသည်။ ၆၀ နှစ်နှင့်အထက် သက်ကြီးရွယ်ကြီးဦးရေမှာ ကျား (၃၅)ဦး၊ မ(၃၉)ဦး၊ စုစုပေါင်း(၇၄)ဦးရှိပြီး ၇.၂၄ % ရှိပါသည်။ ကျွန်မတို့ရွာတွင် တစ်အိမ်ထောင်စုလျှင် ပျမ်းမျှ လူဦးရေမှာ (၄)ဦးသာရှိသည့်အတွက် နိုင်ငံတော်က သတ်မှတ်ထားသော နှုန်းထားနှင့် ကိုက်ညီမှုမရှိပါ။ သို့သော် အလုပ်လုပ်နိုင်သော လူဦးရေများသည့်အတွက် ဖွံ့ဖြိုးမှုအလားအလာကောင်းများရှိပါသည်။

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား

(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက်လုပ်ကိုင်သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
၁	**စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)**					
	ကိုယ်ပိုင် လုပ်ငန်း	၁၁၈	၄၅.၂၁	၂၈၇	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၁၁၂	၄၃	၁၉၉	-	-
၂	**တိရစ္ဆာန် မွေးမြူရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၃	**ငါးဖမ်း လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက်လုပ်ကိုင်သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၄	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၅	**ထုတ်ကုန်လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	၁	-	ဆီစက်
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၆	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၃	၁.၁၄	၄	၁၁	Solar စက်ရုံဝန်ထမ်း
၇	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	၁	ပန်းပဲ
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	၁	ပန်းရံ
၈	**ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၁	၀.၃၈	၁	-	-
	အလုပ်သမား၊ ကျပန်း၊	-		-	-	-

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
	ရာသီအလိုက် အလုပ်သမား		-			
၉	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**					
	ကိုယ်ပိုင် လုပ်ငန်း	၁	၀.၃၈	၁	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၁၀	**လက်လီ-လက်ကား ရောင်းဝယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၁၆	၆.၁၃	၂၁	၃	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	၁	-
၁၁	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၁၂	**ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၅	၁.၉၁	၅	၁	သုံးဘီး-၁စီး ကား-၄ စီး
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	၂	ကားမောင်း-၂
၁၃	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၁၄	**အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	၂	သစ်တော-၂
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၅	၁.၉၁	၇	၂	စစ်-၁ဦး သစ်တော-၁ဦး စစ်ဗိုလ်-၂ဦး
၁၆	**ပညာရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	၂	ကျောင်း စာရေး
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	၄	ကျောင်း ဆရာ/ဆရာမ
၁၇	**ကျန်းမာရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၁၈	**လူမှုရေး လုပ်ငန်းများ**					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၁၉	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၂၀	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
	စုစုပေါင်း	၂၆၁	၁၀၀	၅၂၆	၃၂	-

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ရွာသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ပါသည်။ စိုက်ပျိုးရေးတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စု(၁၁၈)စုရှိပြီး မိသားစုဝင်လုပ်အားမှာ (၂၈၇)ဦးရှိပါသည်။ ထို့အပြင် အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက်အလုပ်သမား အိမ်ထောင်စု (၁၁၂)စုရှိပြီး မိသားစုဝင်လုပ်အား (၁၉၉) ဦးရှိပါသည်။ ထုတ်ကုန်လုပ်ငန်းအတွက် ကိုယ်ပိုင်ဆီစက် (၁)စက်ရှိပါသည်။ ဆိုလာစက်ရုံသို့ သွားရောက်လုပ်ကိုင်ကြသော ဝန်ထမ်းများလည်းရှိပါသည်။ ပန်းပဲလုပ်ငန်းနှင့် ပန်းရံလုပ်ငန်းများ လုပ်ကိုင်ကြသူများလည်းရှိပါသည်။ ပို့ဆောင်ရေးအတွက် သုံးဘီးနှင့်ကားမောင်းသူများလည်းရှိပါသည်။ အစိုးရဌာနများတွင် လုပ်ကိုင်သောဝန်ထမ်းများလည်းရှိပါသည်။ ထို့အပြင် ပညာရေးအတွက် ကျောင်း ဆရာ/မများရှိသည့်အတွက် ကျေးရွာရှိ ကျောင်းသား/သူများအတွက် အထောက်အကူပြု ပါသည်။

(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
၁	လယ်ယာလုပ်ငန်း	နေ့စား	၄၀၀၀	၄၀၀၀	၂၀၀၀	၂၀၀၀	-
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-	-
၃	ငါးလုပ်ငန်း- ရေချို/ ရေငန်ငါးဖမ်းခြင်း၊ငါးပိ၊ ငါးခြောက် လုပ်ငန်း	နေ့စား	-	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း	နေ့စား	-	-	-	-	-
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူစသည်)	နေ့စား	-	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ရွာတွင် လယ်ယာလုပ်ငန်း နေ့စားတွင် ကျား/မ အများဆုံး လုပ်အားခမှာ ၄၀၀၀ ဖြစ်ပြီး အနည်းဆုံးလုပ်အားခမှာ ၂၀၀၀ ကျပ်ဖြစ်ပါသည်။ ကျား/မတန်းတူ လုပ်အားခနှုန်းရရှိသော်လည်း အလုပ်အကိုင်အခွင့်အလမ်း ပွင့်လန်းမှု မရှိသေးပါ။ လက်သမား နေ့စားလုပ်အားခ အများဆုံးမှာ ၅၀၀၀ ဖြစ်ပြီး အနည်းဆုံး လုပ်အားခမှာ ၃၀၀၀ ဖြစ်ပါသည်။

(၁.၃) သဘာဝ ရင်းမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
လယ်မြေ	၄.၅	သင့်	အိုင်မဆည်	၄.၅
ယာမြေ /တောင်ယာ	၁၅၀၇	သင့်	-	မိုးရေ
ဥယျာဉ်ခြံမြေ	-	-	-	-
အိမ်ခြံဝင်း စိုက်ခင်း	-	-	-	-
နှစ်ရှည်သီးနှံ စိုက်ခင်း	၂	ကောင်း	-	မိုးရေ
ရွှေပြောင်းတောင် ယာမြေ	-	-	-	-
ကိုင်း/ကျွန်းမြေ	-	-	-	-
စားကျက်မြေ	-	-	-	-
ပလပ်မြေ	-	-	-	-
အခြား	-	-	-	-
စုစုပေါင်း	**၁၅၁၃.၅**	**-**	**-**	**-**

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

မှတ်ချက်။ ။ ရေရရှိသည့် နေရာအမျိုးအစား - ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ရွာတွင် လယ်မြေလုပ်ကိုင်သူ နည်းပါးသဖြင့် (၄.၅)ဧက မျှသာရှိပါသည်။ ၎င်းလယ်မြေများ၏ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်မျှသာ ရှိပါသည်။ ဆည်ရေရရှိမှု နည်းပါးသဖြင့် မိုးရေသာလျှင် အဓိကဖြစ်ပါသည်။ ကျွန်မတို့ရွာတွင် ယာမြေကို အဓိကထားလုပ်ကိုင်သဖြင့် ယာမြေဧကမှာ (၁၅၀၇)ဧကရှိပါသည်။ မြေဆီလွှာ အရည်အသွေးမှာလည်း အသင့်တင့်မျှသာ ကောင်းပါသည်။ မိုးရေဖြင့်သာ စိုက်ပျိုးကြသဖြင့် အဓိကအရင်းအမြစ်မှာ မိုးရေဖြစ်ပါသည်။ နှစ်ရှည်သီးနှံစိုက်ခင်းမှာလည်း (၂)ဧကမျှသာရှိပြီး မြေဆီလွှာအရည်အသွေးမှာ ကောင်းပါသည်။ ၎င်းသည်လည်း မိုးရေသာလျှင် အဓိက ဖြစ်ပါသည်။ စုစုပေါင်းဧကမှာ (၁၅၁၃.၅)ဧက ရှိပြီး ယာမြေကိုသာ အဓိကထားလုပ်ကိုင်သော တောင်သူများသာဖြစ်ပါသည်။

(၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

အမျိုးအစား	**ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)**	**လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ)**
ကာဗွန် (ဓာတ်ငွေ့/ရေနံ)	မရှိ	လက်လှမ်းမမီ
အခြား ရင်းမြစ်များ	နည်း	ခက်
အခြားသဘာဝ ရင်းမြစ်		
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	နည်း	ခက်
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင် အပင်များ)	သင့်	လွယ်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ရွာတွင် ကာဗွန်(ဓါတ်ငွေ့၊ရေနံ)ရရှိနိုင်မှု မရှိပါ။

ရရှိနိုင်မှုမရှိသဖြင့် လက်လှမ်းမမီပါ။ သဘာဝတိရစ္ဆာန် မျိုးစိတ်များမှာလည်း လူတွေ့၏ စည်းကမ်းမဲ့မှုကြောင့် ရရှိနိုင်မှုနည်းပါး၍ လက်လှမ်းမီနိုင်မှုလည်း အလွန်ခက်ခဲပါသည်။ သဘာဝအပင်မျိုးစိတ်များမှာလည်း ရရှိနိုင်မှု အသင့်အတင့်မျှသာရှိပြီး လက်လှမ်းမီနိုင်မှု လွယ်ကူပါသည်။

(၁.၄) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၃၀-၁၅	၁၄-၈	၇.၁	-
အိမ်အခြေအနေ	ပျဉ်ထောင်၊ တိုက်ခံ	လေးပင်၊ ပျဉ်ထောင်	လေးပင်၊ ထရံကာ၊ သွပ်မိုး	သုံးပင်၊ သွပ်မိုး
လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု	ခြွေလှေ့စက်၊ နွားစာ စဉ်းစက်	-	-	-
ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု	TV၊ EVD Sky Net ဖုန်း	TV၊ EVD၊ ဖုန်း	TV၊ EVD၊ ဖုန်း	ဖုန်း
အဓိကစီးပွားရေးလုပ်ငန်း	ယာလုပ်ငန်း	ယာလုပ်ငန်း	ယာလုပ်ငန်း	ကျပန်း(ကူလီ)
အခြားပိုင်ဆိုင်မှု	ကား၊ ဆိုင်ကယ်	ဆိုင်ကယ်	ဆိုင်ကယ်	ဆိုင်ကယ်
အိမ်ထောင်စု -	၉ (၃.၄၄ %)	၄၅ (၁၇.၂၄%)	၁၁၇ (၄၄.၈၂%)	၉၀(၃၄.၄၈%)

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ကျေးရွာတွင် အိမ်ထောင်စု (၂၆၁)စုရှိပြီး အဆင်ပြေသောအိမ်ထောင်စု (၉)စုရှိပါသည်။ အဓိကစီးပွားရေးလုပ်ငန်းမှာ ယာလုပ်ငန်းဖြစ်ပြီး လုပ်ငန်း

သုံးကိရိယာပိုင်ဆိုင်မှုမှာ ခြွေလှေ့စက်နှင့် နွားစာစဉ်းစက်များရှိပါသည်။ အိမ်အခြေအနေမှာ တိုက်ခံ၊ ပျဉ်ထောင်အိမ်များဖြစ်ပါသည်။ ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှုမှာ TV ၊ EVD ၊ Sky Netနှင့် ဖုန်းများဖြစ်ပြီးအခြားမှာ ဆိုင်ကယ်နှင့် ကားများဖြစ်ပါသည်။ အလယ် အလတ်အိမ်ထောင်စုမှာ (၄၅)စုရှိပြီး အဓိကယာလုပ်ငန်းသာ လုပ်ကိုင်ကြပါသည်။ အိမ်အခြေ အနေမှာ လေးပင်၊ ပျဉ်ထောင်၊ သွပ်မိုးတို့ဖြစ်ပါသည်။ ဆင်းရဲသောအိမ်ထောင်စုမှာ (၁၁၇)စု ရှိပြီး အလွန်ဆင်းရဲသော အိမ်ထောင်စုမှာ (၉၀)စုရှိ ပါသည်။

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓန အဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့် နည်းဗျူဟာ
၃ လအောက်	-	-	-
၃ လနှင့် ၆ လအောက်	၆၂	၁၀၀ %	-
၆ လ မှ ၁၂ လ အထိ	-	-	-

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်း ကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ကျေးရွာတွင် ဝမ်းစာဖူလုံမှုအနေအထားမှာ ၃ လနှင့် ၆လအောက်အထိသာ ရှိကြပါသည်။ ရာသီချိန်တွင်သာ အလုပ်အကိုင်ရှိခြင်းကြောင့် ၃ လနှင့် ၆ လ အောက်အထိသာ ဝမ်းစာဖူလုံကြပါသည်။ ကျန်ကာလများကို ချေးယူပြီး ဖြေရှင်းကြ ပါသည်။ တစ်ဦးလျှင် အနည်းဆုံး အကြွေးတင်မှု ပမာဏမှာ (၇)သိန်းဖြစ်ပြီး အများဆုံး (၁၅)သိန်းထိ ရှိပါသည်။ အများစုမှာ စားသုံးရန်အတွက်ဖြစ်ပြီး ကျန်းမာရေးနှင့် ပညာရေး အတွက်လည်း သုံးစွဲခြင်းဖြစ်ပါသည်။

(၁.၅.၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက်	၁	၂	၃
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၂		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၁		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ချောင်းကောက်ကျေးရွာရှိ မိသားစု စောက်ရှောက်မှုမရှိသော အသက် (၆၀)နှစ်နှင့်အထက် ကျား(၁)ဦး၊ မ(၂)ဦး၊ စုစုပေါင်း (၃)ဦးရှိပါသည်။ ယင်းတို့အတွက် လူမှုကာကွယ်စောင့်ရှောက်မှုအသင်းမှ အကူအညီများ လိုအပ်ပါသည်။ ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖိုအိမ်ထောင်စု (၂)စုရှိပါသည်။ အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု (၁)စုရှိပါသည်။ ယင်းအိမ်ထောင်စုတို့ အတွက်လည်း လူမှုကာကွယ်စောင့်ရှောက်မှု အသင်းမှ အကူအညီများ လိုအပ်ပါသည်။

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာ မဖူလုံမှု	လတ်	စားနပ်ရိက္ခာ မသိုလှောင်နိုင်ခြင်း
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	လတ်	လယ်အတွက် အဆင်ပြေသော်လည်း ယာအတွက်မှာ မိုးရေကိုသာ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			အဓိကအားထားရခြင်း
၂	ရေကြီးခြင်း	နိမ့်	ကုန်ပိုင်းကျခြင်း
၄	မိုးခေါင်ခြင်း	လတ်	မိုးခေါင်သောရာသီတွင် သီးနှံများ စိုက်ပျိုးရေ မရခြင်း
၅	အအေးလွန်ကဲခြင်း	နိမ့်	အပူပိုင်းဒေသဖြစ်ခြင်း
၆	မုန်တိုင်း	နိမ့်	ကမ်းရိုးတန်းဒေသနှင့်ဝေးကွာခြင်း
၇	ငလျင်	-	-
၈	မီးဘေး	-	-
၉	ဆားငန်ရေဝင်မြေ	-	-
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	-	-
၁၁	သစ်တောပြုန်းတီးခြင်း	-	-
၁၂	၄က်ဖျားရောဂါ	-	-
၁၃	တီဘီရောဂါ	-	-
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	-	-
၁၅	ပြည်တွင်း ပဋိပက္ခ	-	-
၁၆	တိရိစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	လတ်	ကာကွယ်ဆေး ပုံမှန်မထိုးခြင်း
၁၇	လူကုန်ကူးခြင်း	-	-
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည်	နိမ့်	-
၁၉	အခြား		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်မကျေးရွာတွင် စားနပ်ရိက္ခာ မဖူလုံမှုမှာ စားနပ်ရိက္ခာ မသိုလှောင်နိုင်ခြင်းကြောင့် ထိခိုက်လွယ်မှုမှာ လတ်အဆင့်ဖြစ်ပါသည်။ သဘာဝရင်းမြစ်

(မြေ၊ စိုက်ပျိုးရေ)ရှားပါးမှုမှာ လယ်အတွက် အဆင်ပြေသော်လည်း ယာအတွက်မှာ မိုးရေကိုသာ အဓိကအားထားရခြင်းကြောင့် ထိခိုက်လွယ်မှုမှာ လတ်အဆင့်သာရှိပါသည်။ ရေကြီးခြင်းမှာလည်း ကုန်ပိုင်းကျသောကြောင့် ထိခိုက်လွယ်မှုမှာနိမ့်ပါသည်။ မိုးခေါင်ခြင်းမှာ မိုးခေါင်သောရာသီတွင် သီးနှံများ စိုက်ပျိုးရေ မရသောကြောင့် ထိခိုက်လွယ်မှု လတ်အဆင့်ဖြစ်ပါသည်။ အအေးလွန်ကဲခြင်းမှာလည်း အပူပိုင်းဒေသဖြစ်ခြင်းကြောင့် ထိခိုက်လွယ်မှုမှာ နိမ့်ပါသည်။ မုန်တိုင်းအန္တရာယ်မှာလည်း ကမ်းရိုးတန်းဒေသနှင့်ဝေးကွာခြင်းကြောင့် ထိခိုက်လွယ်မှု နိမ့်ပါသည်။

(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	-	-
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	-	-
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	လတ်	အလုပ်အကိုင် အခွင့်အလမ်းများ ရှားပါးခြင်း
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ	-	-
၅	မြစ်ကမ်းဘေး နေထိုင်သူများ	-	-
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	-	-
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်း ခံရသူများ (IDP)	-	-
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	-	-

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်မှု (နိမ့်/လတ်/ မြင့်)	မှတ်ချက်
၉	ငါးကန်ပိုင်ရှင်	–	–
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	လတ်	စိုက်ပျိုးရာသီများတွင်သာ အလုပ် အကိုင်ရရှိခြင်း
၁၁	လူနည်းစုလူမျိုးများ	–	–
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	–	–
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	–	–
၁၄	ရွှေတွင်းလုပ်သား	–	–
၁၅	ဆေးစွဲသူများ	–	–
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ	–	–
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	–	–
၁၈	နေရပ်ပြန် အခြေချသူများ	–	–
၁၉	ရွှေ့ပြောင်းလုပ်သားများ	–	–
၂၀	ကားသမား	မြင့်	မတော်တဆထိခိုက်မှုများရှိခြင်း
၂၁	အခြား	–	–

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ကျေးရွာတွင် မြေယာမဲ့၊ ဆင်းရဲသားတောင်သူအိမ်ထောင်စုများမှာ ရာသီအလိုက် ယာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေရရှိနိုင်သည်။ သို့သော် အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လမ်းရန် လိုအပ်ပါသည်။ လက်လုပ်လက်စားများ၊ ကျပန်းများမှာ စိုက်ပျိုးရာသီတွင် အလုပ်အကိုင်ရရှိ၍ ထိခိုက်မှုမှာ လတ်အဆင့်သာ ရှိပါသည်။ ကားသမားများမှာလည်း မတော်တဆထိခိုက်မှု အခြေအနေများ ရှိသောကြောင့် ထိခိုက်မှု မြင့်အဆင့်ရှိပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်း တာဝန်	ဦးဆောင် ဖွဲ့စည်း သူများ (၄/၅)	စွမ်း ဆောင် နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၁	လူငယ်အဖွဲ့	၂	၄	၆	၁၀	ဖွံ့ဖြိုးရေး၊ ဘာသာရေး	၄	၆
၂	Save the Children	၂	၅	၃	၈	ဖွံ့ဖြိုးရေး၊ ဘာသာရေး	၅	၆
၃	မြစိမ်းရောင်	၁	၄	၃	၇	စိုက်/မွေး	၅	၆
၄	Pact	၁	-	၁၅၀	၁၅၀	ငွေစုငွေချေး/မွေးမြူရေး	၅	၆
၅	ပရဟိတ	၂	၅	၅	၁၀	ဖွံ့ဖြိုးရေး၊ ဘာသာရေး	၄	၆
၆	ဝတ်အသင်း	၃	-	၁၀	၁၀	ဖွံ့ဖြိုးရေး၊ ဘာသာရေး	၄	၆
၇	ဓမ္မစကူးလ်	၃	-	-	-	ဖွံ့ဖြိုးရေး၊ ဘာသာရေး	၄	၆
၈	သမ(စိုက်/မွေး)	၁	၅	၃	၈	စိုက်/မွေး	၅	၆

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့(အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ရွာတွင် Save the Children ၊ မြစိမ်းရောင်၊ ပတ်မြန်မာနှင့် သမအဖွဲ့များ ငွေစုငွေချေးလုပ်ငန်းများ ဆောင်ရွက်ကြပါသည်။ လူငယ်အဖွဲ့နှင့် ပရဟိတအဖွဲ့များမှာ လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်ကြပါသည်။ ဝတ်အသင်းနှင့် ဓမ္မစကူးလ်အဖွဲ့များမှာ ဘာသာရေးနှင့် ယဉ်ကျေးမှုကို လုပ်ဆောင်ကြပါသည်။ ကျွန်မတို့ရွာတွင် အဖွဲ့အစည်းတစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်ကြပါသည်။

(၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
၁	မြစိမ်းရောင်/သမ	အစိုးရ	ငွေစုငွေချေး
၂	Pact	၂	ငွေစုငွေချေး
၃	Save the children	၂	ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေး
၄	NAG	၂	ငွေစုငွေချေး

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ – UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများမှာ မြစိမ်းရောင်၊ သမ၊ ပက်မြန်မာ၊ Save the children နှင့် NAG စသည့်အဖွဲ့အစည်းများ နှင့်ချိတ်ဆက်ပြီး ကျေးရွာအတွက် ဆက်လက်လုပ်ဆောင်နေပါသည်။ ထိုအဖွဲ့အစည်းများသည် ငွေစုငွေချေး ဖွံ့ဖြိုးရေးများကို အဓိကအားထား၍ လုပ်ဆောင်ပါသည်။

(၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၂.၂.၁) သီးနှံထုတ်လုပ်ရေး

(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ် ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၉၀	၃၄.၈	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၅၀	၁၉.၁၅	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧကထိ	၆၇	၂၅.၆၇	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၄၅	၁၇.၂၄	အလယ်အလတ်စား တောင်သူ
၅	၁၂.၅ ဧက အထက်	၉	၃.၄၄	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၂၆၁**	**၁၀၀**	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ချောင်းကောက်ကျေးရွာရှိ မြေယာမဲ့အိမ်ထောင်စုအရေအတွက် (၉၀)စုရှိပြီး ၃၄.၈ % ရှိပါသည်။ ၂.၅ ဧကအောက်ပိုင်ဆိုင်သော အိမ်ထောင်စု(၅၀)စုရှိပြီး ၁၉.၁၅% ရှိပါသည်။ ၂.၅ ဧကမှ ၅ ဧကအထိ ပိုင်ဆိုင်သော အိမ်ထောင်စု(၆၇) စုရှိပြီး

၂၅.၆၇% ရှိပါသည်။ ၅ ကေမှ ၁၂.၅ ကေကြားပိုင်ဆိုင်သော အိမ်ထောင်စု(၄၅) စုရှိပြီး ၁၇.၂၄% ရှိပါသည်။ ၁၂.၅ ကေအထက်ပိုင်ဆိုင်သည့် အိမ်ထောင်စု(၉)စု ရှိပြီး ၃.၄၄% ရှိသည်ကို တွေ့ရှိရပါသည်။

(၂.၂.၁.၂) အစိုးရ နှင့် ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	ရင်းမြစ်	အစိုးရ / ပုဂ္ဂလိက	ရေသောက်ကေ	ရရှိနိုင်မှု	
				တန္နစ်ပတ်လုံး/ ရာသီအလိုက်	လုံလောက်မှု (ရှိ/မရှိ)
၁	ဆည်	ပုဂ္ဂလိက	၁၀	ရာသီအလိုက်	ရှိ
၂	ရေလွှဲဆည်	-	-	-	-
၃	မြစ်ရေတင်စီမံကိန်း	-	-	-	-
၄	အဝီစိတွင်း	-	-	-	-
၅	လက်ငင်ရေတွင်း	-	-	-	-
၆	စိမ့်စမ်းရေ	-	-	-	-
၇	ချောင်းရေ	-	-	-	-
၈	အခြား/မိုးရေ	-	၁၅၁၃.၅	ရာသီအလိုက်	ရှိ

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ကျေးရွာတွင် ရေလွှဲဆည်၊ မြစ်ရေတင်စီမံကိန်း၊ အဝီစိတွင်း၊ လက်ငင်ရေတွင်း၊ စိမ့်စမ်းရေနှင့် ချောင်းရေများ အသုံးပြုမှုမရှိပါ။ သဘာဝမိုးရေကိုသာ ရေသောက်ကေ (၁၅၁၃.၅)ကေ ဖြစ်ပြီး ရာသီအလိုက်ရရှိပြီး လုံလောက်မှုရှိပါသည်။ ကျွန်မတို့ရွာတွင် ပက်မြန်မာမှ တစ်ဖက်ပိတ်ဆည်လေး တည်ဆောက်ပေးထားပါသည်။ ၎င်းဆည်မှာ ယာအတွက်ဖြစ်ပြီး ရေသောက်ကေမှာ (၁၀) ကေဖြစ်ပါသည်။ ရေရရှိမှုမှာ ရာသီအလိုက်သာ အသုံးပြုနိုင်ပါသည်။ လုံလောက်မှုရှိပါသည်။ ၎င်းတစ်ဖက်ပိတ်ဆည် ကေအကျယ်မှာ (၅)ကေ ခန့်ဖြစ်ပြီး ရေထုမှာ (၅)ပေခန့် ဖြစ်ပါသည်။

(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကြ	သီးနှံထွက်မှု				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက်(နိမ့်/လတ်/မြင့်)	အမြတ်ရရှိနိုင်မှု(နိမ့်/လတ်/မြင့်)	မှတ်ချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
နှမ်း	၁၁၈၄	တင်း	၁	၆	၃.၅	မေလ	ဩဂုတ်	မြင့်	နိမ့်	
မြေပဲ	၂၀၈	တင်း	၁၅	၃၀	၂၂.၅	စက်တင်ဘာ	ဒီဇင်ဘာ	မြင့်	နိမ့်	
ပဲတီစိမ်း	၃၉.၅	တင်း	၁၀	၂၀	၁၅	စက်တင်ဘာ	ဒီဇင်ဘာ	မြင့်	နိမ့်	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ကျေးရွာတွင် သီးနှံထွက်နှုန်းမှာ နှမ်း ၁ ဧကလျှင် အများဆုံး ၆ တင်း၊ အနည်းဆုံး ၁ တင်းမျှထွက်ရှိပြီး ပျမ်းမျှ ၃.၅တင်းထွက်ရှိပါသည်။ နှမ်းကို မေလမှ ဩဂုတ်လအထိ စိုက်ပျိုးနိုင်ပြီး သွင်းအားစုလိုအပ်ချက်မှာ မြင့်ပါသည်။ အမြတ်ရရှိနိုင်မှုမှာ နိမ့်ပါသည်။ မြေပဲကို ၁ ဧကလျှင် အများဆုံး ၃၀ တင်း၊ အနည်းဆုံး ၁၅ တင်းမျှထွက်ရှိပြီး ပျမ်းမျှ ၂၂.၅ တင်းထွက်ရှိပါသည်။ မြေပဲကို စက်တင်ဘာလမှ ဒီဇင်ဘာလအထိ စိုက်ပျိုးနိုင်ပြီး သွင်းအားစုလိုအပ်ချက်မှာ မြင့်ပါသည်။ အမြတ်ရရှိနိုင်မှုမှာ နိမ့်ပါသည်။ ပဲတီစိမ်းကို ၁ ဧကလျှင် အများဆုံး ၂၀ တင်း၊ အနည်းဆုံး ၁၀ တင်းမျှထွက်ရှိပြီး ပျမ်းမျှ ၁၅ တင်း ထွက်ရှိပါသည်။ ပဲတီစိမ်းကို စက်တင်ဘာလမှ ဒီဇင်ဘာလအထိ စိုက်ပျိုးနိုင်ပြီး သွင်းအားစုလိုအပ်ချက်မှာ မြင့်ပါသည်။ အမြတ်ရရှိနိုင်မှုမှာ နိမ့်ပါသည်။

(၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဧယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	ပိုင်ဆိုင်မှု					စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်	မှတ်ချက်/အခြေအနေ
	တစ်ဦးချင်းပိုင်	အဖွဲ့ပိုင်		ရွာပိုင်			
		အရေအတွက်	လယ်သမားဦးရေ	အရေအတွက်	လယ်သမားဦးရေ		
ထွန်စက်	၂	-	-	-	-	-	-
လက်တွန်းထွန်စက်	၄	-	-	-	-	-	-
အစေ့ချ ကိရိယာ	-	-	-	-	-	-	-
ရိတ်သိမ်းခြွေလှေ့စက်	-	-	-	-	-	-	-
ရိတ်သိမ်းစက်	၂	-	-	-	-	-	-
ခြွေလှေ့စက်	-	-	-	-	-	-	-
ရေစုပ်စက်	-	-	-	-	-	-	-
ခြေနင်းရေတင်စက်	-	-	-	-	-	-	-
မြက်ရိတ်စက်	-	-	-	-	-	-	-
အခြား	၁၉	-	-	-	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှုမှာ ထွန်စက်(၂)စီး၊ လက်တွန်းထွန်စက် (၄)စီးနှင့် အခြားမှာ နွားစာစဉ်းစက် (၁၉)စီးသာ ရှိပါသည်။

(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

အခြေအနေ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီဩဇာ)	မြေဆီဩဇာမှာ အသင့်အတင့်ကောင်းမွန်ပါသည်။
ရေရင်းမြစ်	မိုးရေ/ ရေသိုလှောင်ကန်မှ ရရှိသည်။
သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေဩဇာ	နွားချေး၊ ဆိတ်ချေး၊ သစ်ရွက်ဆွေးများရရှိပါသည်။
အော်ဂဲနစ်/ဓာတုပိုးသတ်ဆေး	ကျေးရွာအတွင်းနှင့် မြို့များတွင် ဝယ်ယူရရှိနိုင်ပါသည်။
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုများ	စိုက်ဘဏ်၊ Pact ၊ သမ၊ မြစိမ်းရောင်၊ Save the Children
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အစိုးရ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပါသည်။
သွင်းအားစုစျေးကွက်	မြို့နဲ့နီး၍ လက်လှမ်းမီ
ထုတ်လုပ်မှုစျေးကွက်နှင့်ကုန်သွယ်မှု	မင်းဘူး-မကွေးမြို့သို့ သွားရောက်ရောင်းချနိုင်ပါသည်။
အခြား	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ကျေးရွာတွင် မြေ (စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဩဇာ)အခြေအနေမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပါသည်။ အဓိကရေအရင်းမြစ်မှာ မိုးရေ၊ ရေသိုလှောင်ကန်မှ ရရှိပါသည်။ မြေဆီဩဇာမှာ နွားချေး၊ ဆိတ်ချေးနှင့် သစ်ရွက်ဆွေးများဖြင့် ဖော်ထုတ်ရရှိပါသည်။ အော်ဂဲနစ်/ဓါတုပိုးသတ်ဆေးများကို ကျေးရွာအတွင်းနှင့် မြို့များတွင် ဝယ်ယူရရှိနိုင်ပါသည်။ ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုအခြေအနေမှာ စိုက်ဘဏ်၊ Pact ၊ သမ၊ မြစိမ်းရောင်၊ Save the Children မှရရှိပါသည်။ သို့သော် အချိန်မီမရရှိပါ။ နည်းပညာ၊ အုပ်ချုပ်ရေး များကို အစိုးရ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ရယူပါသည်။ သွင်းအားစုစျေးကွက်မှာ မြို့နဲ့နီး၍ လက်လှမ်းမီပါသည်။ ထုတ်လုပ်မှုစျေးကွက်နှင့် ကုန်သွယ်မှုအခြေအနေမှာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောကြောင့် မင်းဘူး-မကွေး

မြို့သို့ သွားရောက်ရောင်းချနိုင်ပါသည်။

(၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာ	ဖော်ပြချက်/ရှင်းလင်းချက်
စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု	-
မြေဆီဩဇာအခြေအနေ	ဓါတုဆေးများ စနစ်တကျမသုံးစွဲခြင်းနှင့် အလွန်အကျွံ သုံးစွဲခြင်း
ငွေကြေးအရင်းအနှီး ရရှိနိုင်မှု	အချိန်မီမရ/ လုံလောက်မှုမရှိပါ။
စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု	ငွေကြေးမလုံလောက်ခြင်း
လုပ်သားရှားပါးမှု(ကျွမ်းကျင်သူ/ မကျွမ်းကျင်သူ)	စိုက်ပျိုးရာသီသာ အလုပ်ရှိပြီး ကျန်အချိန်များမှာ အလုပ်မရှိသောကြောင့် နယ်ထွက်သူများခြင်း
ရေရင်းမြစ်များ ရရှိနိုင်မှု	ရာသီဥတုပေါ်မှာမှီခိုရခြင်းကြောင့် အခက်အခဲဖြစ်နိုင်သည်
စိုက်ပျိုးရေ မလုံလောက်မှု	မိုးရေကိုသာ အသုံးပြုရသောကြောင့်ဖြစ်သည်။
ဖျက်ပိုးနှင့် ရောဂါ	ပိုးသတ်ဆေးများ စနစ်တကျ မသုံးစွဲနိုင်ခြင်း
စျေးကွက် လက်လှမ်းမီမှု	လက်လှမ်းမီသော်လည်း စျေးမှန်မရရှိပါ။
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	မိရိုးဖလာ စိုက်ပျိုးနည်းအတိုင်း
အခြား	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ ကျေးရွာတွင် မြေဆီဩဇာအခြေအနေမှာ ဓါတုဆေးများ စနစ်တကျမသုံးစွဲခြင်းနှင့် အလွန်အကျွံ သုံးစွဲခြင်းကြောင့် ပြဿနာရှိတတ်ပါသည်။ ငွေကြေးအရင်းအနှီး ရရှိနိုင်မှုအခြေအနေမှာ သွင်းအားစုများ အချိန်မှီ မရရှိခြင်းတို့ကြောင့် အခက်အခဲရှိပါသည်။ လုပ်သားရှားပါးမှုပြဿနာမှာ စိုက်ပျိုးရာသီသာ အလုပ်ရှိပြီး ကျန်အချိန်များမှာ အလုပ်မရှိသောကြောင့် နယ်ထွက်သူများ များပြားလာပါသည်။ မိုးရေကိုသာ အသုံးပြုရသောကြောင့် စိုက်ပျိုးရေမလုံလောက်ပါ။ ပိုးသတ်ဆေးများ စနစ်တကျ

မသုံးစွဲနိုင်မှုကြောင့် ဖျက်ပိုးနှင့် ရောဂါများရှိတတ်ပါသည်။ စျေးကွက်အား လက်လှမ်းမီသော်လည်း စျေးမှန်မရရှိပါ။ မိရိုးဖလာ စိုက်ပျိုးနည်းအတိုင်း စိုက်ပျိုးရသောကြောင့် နည်းပညာအကူအညီနှင့် နည်းလမ်းများ ပြဿနာရှိတတ်ပါသည်။

(၂.၂.၂) မွေးမြူရေးလုပ်ငန်း

(၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	အိမ်ထောင်စု	ကောင်ရေ	မှတ်ချက်/အခြေအနေ
မွေးမြူရေး			
ခိုင်းနွား	၁၃၇	၃၇၁	-
နို့စားနွား	-	-	-
မြင်း	-	-	-
ကျွဲ	-	-	-
မြည်း	-	-	-
လား	-	-	-
ဆိတ်	၄	၇၀	-
သိုး	-	-	-
ဝက်	၁၁	၁၃	-
ကြက်	၁၁၅	၁၃၁၄	-
ဘဲ	-	-	-
နွားနောက်	-	-	-
အခြား	-	-	-
ငါးလုပ်ငန်း			
ငါးကန်	-	-	-
ပုဇွန်ကန်	-	-	-
ဂဏန်း မွေးမြူရေးလုပ်ငန်း	-	-	-
ရေချို ငါးဖမ်းလုပ်ငန်း	-	-	-
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-	-	-
အခြား	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ကျေးရွာတွင် ခိုင်းနွားမွေးသူအိမ်ထောင်စုမှာ (၁၃၇)စု ရှိပြီး စုစုပေါင်းနွားရေမှာ (၃၇၁)ကောင်ရှိပါသည်။ ဆိတ်မွေးမြူသည့် အိမ်ထောင်စုမှာ (၄)စု ရှိပြီး ဆိတ်ကောင်ရေ(၇၀)ကောင်ရှိပါသည်။ ဝက်မွေးမြူသည့်အိမ်ထောင်စုမှာ (၁၁)စုရှိပြီး ဝက်ကောင်ရေ(၁၃)ကောင်ရှိပါသည်။ ငါးလုပ်ငန်း၊ ငါးကန်၊ ပုဇွန်ကန် စသည့်လုပ်ငန်းများ မရှိပါ။ လုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စုလည်းမရှိပါ။

(၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
မွေးမြူရေး	
စားကျက်မြေ	ရိတ်သိမ်းပြီး ယာကွက်များရှိခြင်း
ရေရရှိမှု	ကန်ရေ၊ ချောင်းရေ
မြို့တိရစ္ဆာန် လက်လှမ်းမီမှု	မရှိ
ချေးငွေ	မြစိမ်းရောင်၊ သမ၊ Pact၊ Save the Children
သွင်းအားစု ဈေးကွက်	ဖွဲ၊ ဆန်ကွဲများကျွေးရန် ဆန်စက်ရှိခြင်း၊ ဆေးဝါးအတွက် ဆေးဆိုင်ရှိခြင်း
ဝန်ဆောင်မှု ဈေးကွက်	-
ထုတ်ကုန်ရောင်းဝယ်မှု	ဈေးကွက်အား လက်လှမ်းမီပါသည်။
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	ရှိပါသည်။
အခြား	-
ငါးလုပ်ငန်း	
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	-
ချေးငွေ	-
သွင်းအားစုလက်လှမ်းမီမှု	-

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
နည်းပညာအကူအညီနှင့် နည်းလမ်းများ	–
ထုတ်ကုန်ရောင်းဝယ်မှု	–
အခြား	–

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ရွာ၏ စားကျက်မြေမှာ ရိတ်သိမ်းပြီး ယာကွက်များ ရှိပါသည်။ ရေရရှိမှုမှာ ချောင်းရေနှင့် ကန်ရေတို့မှ ရရှိပါသည်။ မျိုးတိရစ္ဆာန် လက်လှမ်းမီမှု မရှိပါ။ ချေးငွေများကို မြစိမ်းရောင်၊ သမ၊ Pact၊ Save the Children တို့မှ ရရှိပါသည်။ သွင်းအားစုစျေးကွက်မှာ ဖွဲ၊ ဆန်ကွဲများကျွေးရန် ဆန်စက်ရှိခြင်း၊ ဆေးဝါးအတွက် ဆေးဆိုင်များရှိပါသည်။ ထုတ်ကုန်ရောင်းဝယ်မှုအတွက် စျေးကွက်အား လက်လှမ်းမီပါသည်။ အိမ်ခြံဝင်းအတွင်းတွင် မြေလုံလောက်မှု ရှိပါသည်။

(၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာနှင့်စိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေး	
ချေးငွေ ရရှိနိုင်မှု	မလုံလောက်ပါ။
ကူးစက်ရောဂါဖြစ်ပွားမှု	ကာကွယ်ဆေးပုံမှန်မထိုးခြင်းကြောင့် ရောဂါကူးစက်မှုများခြင်း
နည်းပညာအကူအညီနှင့်နည်းလမ်းများ	နည်းပညာပေးသောအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုမရှိခြင်း
စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများအတွက် လိုင်စင်/လေလံလက်လှမ်းမီမှု	စျေးနှုန်းမြင့်မားမှုကြောင့် လက်လှမ်းမမီခြင်း
အခြား	–
ငါးလုပ်ငန်း	
ငါးဖမ်းခွင့် ရရှိနိုင်မှု	–
ချေးငွေ ရရှိနိုင်မှု	–

ပြဿနာနှင့်စိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
အခြား	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ချောင်းကောက်ကျေးရွာတွင် မွေးမြူရေးနှင့်ပတ်သက်၍ ပြဿနာများတွင် ချေးငွေရရှိမှုတွင် လုံလောက်မှုမရှိပါ။ ကာကွယ်ဆေးပုံမှန်မထိုးခြင်းကြောင့် ကူးစက်ရောဂါများ ဖြစ်ပွားမှုရှိပါသည်။ နည်းပညာပေးသောအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုမရှိခြင်းကြောင့် နည်းပညာ သိရှိမှုနည်းပါးသည်။ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/လေလံလက်လှမ်းမီမှုမှာ စျေးနှုန်းမြင့်မားမှုကြောင့် လက်လှမ်းမမီပါ။

(၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

(၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်း ဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ် များ ထုတ်လုပ်ခြင်း	-	-	-	-
၂	ထုတ်ကုန်လုပ်ငန်း	-	-	-	-
၃	လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး	၁	-	၄	လတ်
၄	ဆောက်လုပ်ရေး၊လက် သမား၊ ပန်းရံလုပ်ငန်း	-	-	-	-
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	၁	-	၁	လတ်

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေ အတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်း ဖော်ပြချက်
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ)	၁	-	၁	လတ်
၇	လက်လီ-လက်ကား ရောင်း ဝယ်ရေး	၁	-	၂၁	လတ်
၈	ဟိုတယ်နှင့် စားသောက် ဆိုင်လုပ်ငန်း	-	-	-	-
၉	ပို့ဆောင်ရေး၊ သိုလှောင် ရေး နှင့် ဆက်သွယ်ရေး	၁	-	၅	လတ်
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ငွေချေး ခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)	-	-	-	-
၁၁	အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့်ဆက်စပ် သောလုပ်ငန်းများ	-	-	-	-
၁၂	ပြည်သူဝန်ဆောင်မှုလုပ် ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ် ရေးနှင့် ဘေးကင်းလုံခြုံရေး)	၁	-	၇	လတ်
၁၃	ပညာရေး	-	-	-	-
၁၄	ကျန်းမာရေး	-	-	-	-
၁၅	လူမှုရေးလုပ်ငန်းများ	-	-	-	-
၁၆	အိမ်များတွင်အငှား လိုက်လုပ်သူများနှင့်	-	-	-	-

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေ အတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်း ဖော်ပြချက်
	အမျိုးအမည် မဖော်ပြ နိုင်သော လုပ်ငန်းများ				
၁၇	ပြင်ပအဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ – UN, INGOs, Companies. etc.,)	–	–	–	–
	စုစုပေါင်းအသက်မွေး လုပ်ငန်းလုပ်ကိုင်သူဦးရေ	**၆**	**–**	**၃၉**	**–**

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော သက်မွေးလုပ်ငန်းအနေဖြင့် ဆိုလာစက်ရုံသို့သွားရောက်လုပ်ကိုင်သောဝန်ထမ်းများ ရှိခြင်းကြောင့် ရပ်တည်နိုင်မှုမှာ လတ်အဆင့်ဖြစ်ပါသည်။ လက်လီ၊လက်ကားရောင်းဝယ်ရေးမှာ ကိုယ်ပိုင်အိမ်ဆိုင်ရောင်းဝယ်သူများ ဖြစ်သည့်အတွက် ရပ်တည်နိုင်မှုမှာ လတ်အဆင့်ဖြစ်ပါသည်။ ပို့ဆောင်ရေးမှာလည်း သုံးဘီးနှင့်ကားမောင်းသူများဖြစ်သည့်အတွက် ရပ်တည်နိုင်မှုမှာလည်း လတ်အဆင့်သာဖြစ်ပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများမှာလည်း အစိုးရဌာနဝန်ထမ်းများ ရှိခြင်းကြောင့် ရပ်တည်နိုင်မှုမှာ လတ်အဆင့်ဖြစ်ပါသည်။

(၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃-က) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
စက်ချုပ်	နည်းပညာပေးသော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်း
ဆိုင်ကယ်၊စက်ပြင်	။
လက်သမား	။
ပန်းရံ	။
ယက်ကန်း	။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရေ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ်အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများမှာ စက်ချုပ်၊ ဆိုင်ကယ်၊ စက်ပြင်၊ လက်သမား၊ ပန်းရံနှင့် ယက်ကန်းများအတွက် နည်းပညာပေးသော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးရန် လိုအပ်ပါသည်။

ဇယား (၂၃-ခ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ ရှင်းလင်းချက်
ငွေကြေးမတတ်နိုင်ခြင်း	နည်းပညာများ မသင်ကြားနိုင်ခြင်း
ဦးဆောင်ချိတ်ဆက်မည့်သူမရှိခြင်း	ကျေးလက်၊ NGO

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရေ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ရွာ၏ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေး လုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများမှာ ငွေကြေးမတတ်နိုင်ခြင်းကြောင့် နည်းပညာများ မသင်ကြားနိုင်ပါ။ အသက်မွေးဝမ်းကျောင်းသင်ကြားပေးသော ကျေးလက်

ဦးစီးဌာန၊ NGO အဖွဲ့အစည်းများနှင့် ဦးဆောင်ချိတ်ဆက်မည့်သူမရှိခြင်းကြောင့်လည်း ပြဿနာနှင့်အခက်အခဲများရှိပါသည်။

(၂.၃) ရွှေ့ပြောင်းလုပ်သားများ

(၂.၃.၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

#	ပုံစံ	အိမ်ထောင်စု အရေအတွက်	လူဦးရေ			ပြည်တွင်း			ပြည်ပ		
			ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
၁	ရွှေ့ပြောင်းလုပ်သားတစ်ဦး အနည်းဆုံးရှိသော အိမ်ထောင်စု	၂၂	၂၁	၁၁	၃၂	၁၉	၁၈	၁၉	၂	၁	၃
၂	ရွှေ့ပြောင်းလုပ်ကိုင်သောကျေးရွာ ရှိ လူဦးရေ	၃၂	-	-	-	-	-	-	-	-	-
၃	ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ										
	၃ လ အထိ	၁	၇	၃	၁၀	၇	၂	၉	-	၂	၂
	၆ လ အထိ	-	၄	၄	၈	၄	၄	၈	-	-	-
	၁၂ လ အထိ	-	၃	၁	၄	၃	၁	၄	-	-	-
	၁၂ လ အထက်	-	၇	၄	၁၁	၅	၃	၈	၂	၁	၃

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ကျေးရွာတွင် ရွှေ့ပြောင်းသွားလာသူမှာ ကျား(၂၁)ဦးနှင့် မ(၁၁)ဦးရှိပြီး စုစုပေါင်း (၃၂)ဦးရှိပါသည်။ ပြည်တွင်းတွင် သွားလာလုပ်ကိုင်သူမှာ ကျား (၁၉)ဦးနှင့် မ (၁၈)ဦးရှိပြီး စုစုပေါင်း (၃၉)ဦးရှိပါသည်။ ထို့ပြင် ပြည်ပသွားလာလုပ်ကိုင်သူမှာ ကျား(၂)ဦးနှင့် မ (၁)ဦးရှိပြီး စုစုပေါင်း (၃)ဦးရှိပါသည်။

(၂.၃.၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

စဉ်	အကြောင်းအရာ	လူဦးရေ
၁	ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန်	၃၂
၂	နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း	-
၃	ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း	-
၄	အခြား	-

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ကျေးရွာတွင် အခြားမြို့များသို့ သွားရောက်လုပ်ကိုင်သူ လူဦးရေ(၃၂)ဦးရှိပါသည်။ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းအရင်းမှာ ပိုမို ကောင်းမွန်သော အလုပ်အကိုင်နှင့်ဝင်ငွေအခွင့်အလမ်းများရှာဖွေရန် ပြောင်းရွှေ့လုပ်ကိုင် ခြင်းဖြစ်ပါသည်။

(၂.၃.၃) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

စဉ်	အကြောင်းအရာ	အိမ်ထောင်စု အရေအတွက်				
		စုစုပေါင်း	% ကျေးရွာအတွင်းရှိ စုစုပေါင်းအိမ်ထောင်စု	မြင့်	လတ်	နိမ့်
၁	ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက်	-	-	-	-	-
၂	ပြန်ပို့ငွေ လမ်းကြောင်းများ					
	- ငွေလွှဲလုပ်ငန်း (ဟွန်ဒီ)	-	-	-	-	-
	- ဘဏ်	၈	-	-	၈	-
	- လူကြုံဖြင့်လွှဲပို့ခြင်း	-	-	-	-	-
	- ငွေလွှဲလုပ်ငန်းနှင့် ဘဏ်	-	-	-	-	-
	-ငွေလွှဲလုပ်ငန်း၊ လူကြုံဖြင့်လွှဲပို့ခြင်း	-	-	-	-	-

စဉ်	အကြောင်းအရာ	အိမ်ထောင်စု အရေအတွက်				
		စုစု ပေါင်း	% ကျေးရွာ အတွင်းရှိ စုစုပေါင်း အိမ်ထောင်စု	မြင့်	လတ်	နိမ့်
	- ဘဏ်နှင့် လူကြုံဖြင့် လွှဲပို့ခြင်း	-	-	-	-	-
	- ငွေလွှဲလုပ်ငန်း၊ ဘဏ်နှင့် လူကြုံ ဖြင့်လွှဲပို့ခြင်း	-	-	-	-	-

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ကျေးရွာတွင် ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေများကို ဘဏ်မှ (၈)ဦးလွှဲပြီး ကျန်သောအလုပ်သမားများမှာ လူကြုံနှင့်သော်လည်းကောင်း၊ မိမိကိုယ်တိုင်သော်လည်းကောင်း ပြန်ပို့ကြပါသည်။

(၂.၄) ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး	အကြီးစားဈေးကွက်
ရွာမှအကွာအဝေး (မိုင်)	(၁၂)မိုင် (၅)ဖာလုံ	(၁၄)မိုင် (၅)ဖာလုံ
သယ်ယူပို့ဆောင်ရေး လမ်းကြောင်း နှင့် ၎င်း၏ အထောက်အပံ့များ	ကား၊ သုံးဘီး၊ ဆိုင်ကယ်	ကား၊ သုံးဘီး၊ ဆိုင်ကယ်
ကုန်စည်အမျိုးအစားနှင့် ဝန်ဆောင် မှုပေးနိုင်မှု	ပဲ၊ နှမ်း၊ မြေပဲရောင်းချ နိုင်ပြီး လူသုံးကုန်ပစ္စည်း	-
ဈေးအခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှု	တစ်ထပ်၊ သွပ်မိုး	နှစ်ထပ်၊ သွပ်မိုး

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ရွာ၏ ဈေးကွက်လက်လှမ်းမီမှုတွင် အနီးဆုံး

စျေးကွက်မှာ မင်းဘူးမြို့ဖြစ်ပြီး ရွာမှ (၁၂)မိုင် (၅)ဖာလုံ ကွာဝေးပါသည်။ အကြီးစား စျေးကွက်မှာ မကွေးမြို့ဖြစ်ပြီး ရွာမှ (၁၄)မိုင် (၅)ဖာလုံ ကွာဝေးပါသည်။ ၎င်းစျေးကွက်များ၏ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းမှာ ကားနှင့်သုံးဘီးများဖြစ်ပါသည်။ ကုန်စည်အမျိုးအစားမှာ ပဲ၊ နှမ်းနှင့် မြေပဲများရောင်းချနိုင်ပြီး ဝန်ဆောင်မှုမှာ လူသုံးကုန်ပစ္စည်းများ ဝယ်ယူနိုင်ပါသည်။ စျေးအခြေခံအဆောက်အဦးများမှာ တစ်ထပ်သွပ်မိုးနှင့် နှစ်ထပ်သွပ်မိုးတို့ဖြစ်ပါသည်။

(၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ချေးငွေရရှိနိုင်သည့် နေရာ	ငွေကြေး ဝန်ဆောင်မှု အမျိုးအစား	ပြန်လည်ပေးဆပ်ရမည့် ကာလ	အတိုးနှုန်း (လ)	အပေါင်ခံပစ္စည်း လိုအပ်မှု	ချေးငွေရရန် အခက်အခဲများ
အစိုးရဘဏ်(စိုက်ပျိုးရေးဘဏ်)	ချေးငွေ	၆ လ	(၆၀)ပြား	–	ပုံစံ(၇)မရှိခြင်း
ပုဂ္ဂလိကဘဏ်	–	–	–	–	–
ပုဂ္ဂလိက အသေးစား ချေးငွေဝန်ဆောင်မှုကဏ္ဍ	–	–	–	–	–
အဖွဲ့အလိုက်ငွေစု/ငွေချေးအစီအစဉ်	မြစိမ်းရောင် Pact ၊ သမ၊ NAG	၁ နှစ်၊ ၄ လ၊ ၆ လ	(၁)ကျပ်၊ (၁)ကျပ် (၃၀)ပြား၊ (၃)ကျပ်	မရှိ	အိမ်ထောင်စု ဇယား၊ ပုံစံ(၇)ရရန် လိုအပ်
ငွေချေးပေးသူ	–	–	–	–	–
အပေါင်ဆိုင်	–	–	–	–	–
မိတ်ဆွေနှင့် ဆွေမျိုးများ	–	–	–	–	–
အခြား	–	–	–	–	–

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊

(၂) သက်ဆိုင်ရာ ငွေကြေး ဝန်ဆောင်မှု ပေးသောအဖွဲ့များ။

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ကျေးရွာတွင် ငွေကြေးလက်လှမ်းမီစေရန် အစိုးရ စိုက်ဘဏ်များမှ ချေးငွေအား (၆)လ (၁)ကြိမ် ပြား (၆၀)နှုန်းဖြင့်ချေးပေး၍ အပေါင်ခံပစ္စည်း အလိုအပ်ပါ။ သို့သော် ပုံစံ(၇)မရှိလျှင် ချေး၍မရပါ။ အဖွဲ့အလိုက်ငွေစု/ငွေချေးအစီအစဉ်မှာ မြစိမ်းရောင်၊ Pact ၊ သမ၊ NAG အဖွဲ့အစည်းများရှိပါသည်။ ၎င်းဝန်ဆောင်မှုများမှာ ၁ နှစ်၊ ၄ လ၊ ၆ လ တစ်ကြိမ် အရင်းဆပ်ရပြီး အတိုးနှုန်းမှာ (၁)ကျပ်၊ (၁)ကျပ်(၃၀)ပြားနှင့် (၃)ကျပ် တို့ဖြစ်ပါသည်။ ငွေကြေးဝန်ဆောင်မှုအားလုံးမှာ အိမ်ထောင်စုဧယားနှင့် ပုံစံ(၇)ရှိရန် လိုအပ်ပါသည်။

(၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု

(၂.၆.၁) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

ဧယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

အခက်အခဲ	အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီဩဇာ အခြေအနေ	လတ်	ဓါတုပိုးသတ်ဆေးများ လွန်ကဲစွာ အသုံးပြုခြင်း
အပင်မျိုးစိတ်များ	လတ်	လူနေထူထပ်ခြင်း၊ အဆောက်အဦးများ ပေါများစွာ ဆောက်လုပ်ခြင်း
ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု	လတ်	ရာသီဥတုဖောက်ပြန်ခြင်း၊ ပိုးသတ်ဆေးစနစ်တကျ မသုံးစွဲခြင်း
ရေရင်းမြစ်	မြင့်	လူများ၏ စည်းကမ်းမဲ့ဓါတုပစ္စည်းများ စွန့်ပစ်မှု
ငါးမျိုးကွဲများ	မြင့်	ငါးဖမ်းရာတွင် လျှော့တိုက်ခြင်း၊ ဆေးချခြင်း
အခြားတိရစ္ဆာန်မျိုးကွဲများ	-	-
စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု	မြင့်	အမှိုက်များကို စနစ်တကျမပစ်ခြင်း

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မြေဆီဩဇာအခြေအနေမှာ ဓါတုပိုးသတ်ဆေးများ လွန်ကဲစွာ အသုံးပြုခြင်းကြောင့် အန္တရာယ်ရှိမှုမှာ အလယ်အလတ်ရှိပါသည်။ လူနေထူထပ်ခြင်း၊ အဆောက်အဦးများ ပေါများစွာ ဆောက်လုပ်ခြင်းကြောင့် ရာသီဥတုဖောက်ပြန်မှုနှင့် လူများ၏ ပိုးသတ်ဆေး စနစ်တကျမသုံးစွဲခြင်းကြောင့် ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှုမှာ လတ်အဆင့် ရှိပါသည်။ လူများ၏ စည်းကမ်းမဲ့ဓါတုပစ္စည်းများ စွန့်ပစ်မှုကြောင့် ရေရင်းမြစ် အန္တရာယ်ရှိမှုမှာ မြင့်ပါသည်။ ငါးဖမ်းရာတွင် လျှော့တိုက်ခြင်း၊ ဆေးချခြင်းကြောင့် ငါးမျိုးကွဲများ အန္တရာယ်ရှိမှုမှာ မြင့်ပါသည်။ အမှိုက်များကို စနစ်တကျမပစ်ခြင်းကြောင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု အန္တရာယ်ရှိမှုမှာ မြင့်ပါသည်။

(၂.၇) ပညာရေး

(၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

အတန်းပညာပြီးမြောက်မှု	ကျား	မ	ပေါင်း	၉ နှစ်နှင့်အထက် လူဦးရေ၏%
စာမတတ်သူဦးရေ	၇	၅၇	၆၄	၇.၄
ဘုန်းကြီးကျောင်းသင်ပညာရေး	၃၄	၂၀	၅၄	၆.၂၉
မူလတန်းပညာရေး မပြီးဆုံးသူဦးရေ	၂၃	၃၉	၆၂	၇.၂၂
မူလတန်းပညာရေး ပြီးဆုံးသူဦးရေ	၃၁၄	၂၅၁	၅၇၁	၆၆.၅
အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ	၃၆	၄၄	၈၀	၉.၃
အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ	၁၃	၁၃	၂၆	၃
တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ	၄	၃	၇	၀.၈၁
၉ နှစ်နှင့်အထက် လူဦးရေပေါင်း	**၄၃၁**	**၄၂၇**	**၈၅၈**	**၁၀၀**

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ကျွန်မတို့ကျေးရွာတွင် ပညာရေးနှင့် စာတတ်မြောက်မှုနှုန်း ပတ်သက်၍ စာမတတ်သည့်ဦးရေမှာ ကျား(၇)ဦးနှင့် မ (၅၇)ရှိပြီး စုစုပေါင်း(၆၄)ဦးရှိပါသည်။ ဘုန်းကြီးကျောင်း ပညာရေးသည် ကျား(၃၄)ဦးနှင့် မ (၂၀)ရှိပြီး စုစုပေါင်း(၅၄)ဦးရှိပါသည်။ မူလတန်းပညာ မပြီးဆုံးသေးသည့်ဦးရေမှာ ကျား(၂၃)ဦးနှင့် မ (၃၉)ရှိပြီး စုစုပေါင်း (၆၂)ဦး

ရှိပါသည်။ မူလတန်းပြီးဆုံးသူဦးရေမှာ ကျား(၃၁၄)ဦးနှင့် မ (၂၅၁)ရှိပြီး စုစုပေါင်း (၅၇၁)ဦး ရှိပါသည်။ အလယ်တန်းပညာပြီးဆုံးသည့်ဦးရေမှာ ကျား(၃၆)ဦးနှင့် မ (၄၄)ရှိပြီး စုစုပေါင်း (၈၀)ဦးရှိပါသည်။ အထက်တန်းပညာပြီးဆုံးသူဦးရေမှာ ကျား(၁၃)ဦးနှင့် မ (၁၃)ရှိပြီး စုစုပေါင်း (၂၆)ဦးရှိပြီး တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေမှာ ကျား(၄)ဦးနှင့် မ (၃)ရှိပြီး စုစုပေါင်း (၇)ဦး ရှိသည်ကို တွေ့ရ ပါသည်။

(၂.၇.၂) ကျောင်းတက်နှုန်း

ဇယား (၃၁) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း	စုစုပေါင်းကျောင်းနေ အရွယ်လူဦးရေ၏%
မူလတန်း (၅-၉ နှစ်)	၃၁	၄၆	၇၇	၃၅.၄၈
အလယ်တန်း (၁၀-၁၄နှစ်)	၅၆	၃၆	၉၂	၄၂.၃၉
အထက်တန်း (၁၅-၁၆ နှစ်ကြား)	၁၃	၂၂	၃၅	၁၆.၁၂
တက္ကသိုလ် ကျောင်းသား၊ သူ	၆	၇	၁၃	၅.၉၉

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ ကျေးရွာတွင် လက်ရှိပညာသင်ကြားနေသော ကျောင်းတတ်နှုန်းအနေဖြင့် မူလတန်းပညာသင်ကြားနေသူ ကျား(၃၁)ဦးနှင့် မ (၄၆)ရှိပြီး စုစုပေါင်း (၇၇)ဦးရှိပြီး ၃၅.၄၈% ရှိပါသည်။ အလယ်တန်းပညာသင်ကြားနေသူ ကျား(၅၆)ဦး နှင့် မ (၃၆)ရှိပြီး စုစုပေါင်း (၉၂)ဦးရှိပြီး ၄၂.၃၉% ရှိပါသည်။ အထက်တန်းပညာသင်ကြားနေသူ ကျား(၁၃)ဦးနှင့် မ (၂၂)ရှိပြီး စုစုပေါင်း (၃၅)ဦးရှိပြီး ၁၆.၁၂% ရှိပါသည်။ တက္ကသိုလ် ကျောင်းသား/ သူ ကျား(၆)ဦးနှင့် မ (၇)ရှိပြီး စုစုပေါင်း (၁၃)ဦးရှိပြီး ၅.၉၉% ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

(၂.၇.၃) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	မူလတန်းကျောင်း	အလယ်တန်းကျောင်းခွဲ
ရွာမှ အကွာအဝေး(မိုင်)	-	မူလတန်းလွန်ကျောင်း၊ ပေ ၅၀၀

အကြောင်းအရာ	မူလတန်းကျောင်း			အလယ်တန်းကျောင်းခွဲ		
သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	-			ခြေလျင်		
စာသင်ကျောင်း အရွယ်အစား (အလျား၊ အနံ၊အမြင့်)	-			(၆၀'x၃၀'x၁၂')		
အမိုး၊ နံရံ၊ အခင်း အရည်အသွေး	-			သွပ်၊ အုတ်၊ ကွန်ကရစ်		
ကျောင်းသုံး ပရိဘောဂ (လုံလောက်မှု ရှိ/မရှိ) နှင့် ကျောင်းအိမ်သာ အခြေအနေ	-			ရှိ ၊ မရှိ		
ကျောင်းအာဟာရတိုက်ကျွေးမှု (အာဟာရ အမျိုးအစားနှင့် ကြိမ်ရေ)	-			မရှိ		
ကျောင်းဆရာဦးရေ	**ကျား**	**မ**	**ပေါင်း**	**ကျား**	**မ**	**ပေါင်း**
အစိုးရခန့်	၅	၄	၉	-	-	-
ကျေးရွာခန့်	၁	-	၁	-	-	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ကျေးရွာ၏ စာသင်ကျောင်းအခြေအနေမှာ ရွာမှ ပေ (၅၀၀)အကွာတွင်ရှိပြီး ခြေလျင်သွား၍ရပါသည်။ စာသင်ကျောင်းဆောင်မှာ (၆၀'x၃၀'x၁၂') ရှိပြီး သွပ်မိုး၊ အုတ်နံရံ၊ ကွန်ကရစ်ခင်းဖြစ်ပါသည်။ ကျောင်းသုံးပရိဘောဂများမှာ လုံလောက်စွာရှိပါသည်။ ကျောင်းအိမ်သာ လုံလောက်မှုမရှိပါ။ ကျောင်းဆရာ/မ စုစုပေါင်းဦးရေမှာ (၉)ဦးရှိပြီး အစိုးရခန့်များသာဖြစ်ပါသည်။ သို့သော် ကျေးရွာမှ ခန့်သော ဆရာ(၁)ဦးသာ ရှိပါသည်။

(၂.၇.၄) ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

အခက်အခဲ/ ပြဿနာ	ရှင်းလင်းချက်
ကျောင်းဆရာ/မ ဦးရေ	(ကျား ၆ ဦး၊ မ ၄ ဦး)
တပည့် - ဆရာ အချိုး	ကိုက်ညီပါသည်။
မူလတန်းပညာ ကျောင်းထွက်နှုန်း	မရှိ
မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ်	မရှိ
ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ	ရှိ

အခက်အခဲ/ ပြဿနာ	ရှင်းလင်းချက်
ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှု	မရှိ
ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများလက်လှမ်းမီမှု	ရှိ
မိဘဆရာအသင်း၏အခန်းကဏ္ဍ	လစဉ်တွေ့ဆုံသည်။

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

လေ့လာတွေ့ရှိချက်။ ။ကျောင်းဆရာ/မ ကျား(၆)ဦး မ(၄)ဦး ရှိပြီး ဆရာတပည့်အချိုးကိုက်ညီပါသည်။ မူလတန်းပညာ ကျောင်းထွက်နှုန်း မရှိပါ။ မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ် မရှိပါ။ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ လုံလောက်မှု ရှိပြီး ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှုဟူ၍ မရှိပါ။ ကျောင်းအားကစားဆိုင်ရာပစ္စည်းများမှာ လက်လှမ်းမီမှုရှိသော်လည်း ငွေကြေးမတတ်နိုင်ပါ။

(၂.၈) ကျန်းမာရေးနှင့် အာဟာရ

(၂.၈.၁) အဖြစ်များသော ရောဂါများ

၎ယား (၃၄) အဖြစ်များသော ရောဂါများ

#	ရောဂါ	ပျံ့နှံ့မှု/ဖြစ်ပွားမှု			မှတ်ချက် / သုံးသပ်ချက်
		မြင့်	နိမ့်	မရှိ	
၁	ဝမ်းပျက်ဝမ်းလျှောက	–	–	✓	ကျန်းမာရေးဗဟုသုတ ပြည့်စုံခြင်း
၂	သွေးလွန်တုပ်ကွေး	–	✓	–	သန့်ရှင်းစွာထား
၃	ငှက်ဖျား	–	–	✓	–
၄	အသက်ရှူလမ်းကြောင်းကူးစက်ရောဂါ	–	–	✓	–
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	–	–	✓	–
၆	တီဘီ	–	✓	–	–
၇	ဆီးချို	–	✓	–	အစားအသောက်မဆင်ခြင်မှု၊ ကျန်းမာရေးဗဟုသုတနည်းပါးခြင်း

#	ရောဂါ	ပျံ့နှံ့မှု/ဖြစ်ပွားမှု			မှတ်ချက် / သုံးသပ်ချက်
		မြင့်	နိမ့်	မရှိ	
၈	သွေးတိုး	–	✓	–	–
၉	အသည်းရောဂါ (ဘီ၊ စီ)	–	✓	–	ကျန်းမာရေးဗဟုသုတနည်းပါး ခြင်း
၁၀	အာဟာရ ချို့တဲ့မှု	–	–	✓	–
၁၀	အခြား ကူးစက်နိုင်သော ရောဂါများ	–	–	✓	–

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ကျေးရွာတွင် ကျန်းမာရေးဗဟုသုတ ပြည့်စုံခြင်း ကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါမရှိပါ။ သွေးလွန်တုပ်ကွေးဖြစ်ပွားမှုမှာ ရေသိုလှောင်ကန် များ၊ ဘုရားအိုး၊ ရေအိုးများအားသန့်ရှင်းစွာ ထားသင့်သလောက်ထားခြင်းကြောင့် ဖြစ်ပွားမှု အဆင့်မှာ နိမ့်ပါသည်။ တီဘီ၊ ဆီးချိုနှင့်သွေးတိုးရောဂါဖြစ်ပွားမှုမှာ အစားအသောက် မဆင်ခြင်မှု၊ ကျန်းမာရေးဗဟုသုတနည်းပါးခြင်းကြောင့် နိမ့်အဆင့်ရှိပါသည်။ အသည်းရောဂါ (ဘီ၊ စီ)ဖြစ်ပွားမှုမှာ ကျန်းမာရေးဗဟုသုတနည်းပါးခြင်းကြောင့် နိမ့်အဆင့်ဖြစ်ပါသည်။

(၂.၈.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

စဉ်	ကာကွယ်ဆေးထိုးခြင်း	ရှိ	မရှိ	မှတ်ချက် / သုံးသပ်ချက်
၁	အဆုတ်ရောဂါ	–	✓	–
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	✓	–	–
၃	ပိုလီယိုရောဂါ	✓	–	–
၄	မေးခိုင်(ကိုယ်ဝန်ဆောင်ကာလအတွင်း)	✓	–	–
၅	ဝက်သက်ရောဂါ	✓	–	–
၆	အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု	✓	–	–

စဉ်	ကာကွယ်ဆေးထိုးခြင်း	ရှိ	မရှိ	မှတ်ချက် / သုံးသပ်ချက်
၇	အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)	✓	-	-
၈	အာဟာရပညာပေး အစီအစဉ်	✓	-	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ချောင်းကောက်ကျေးရွာတွင် လွန်ခဲ့သော(၁၂)လအတွင်း အဆုတ်ရောဂါကာကွယ်ဆေးထိုးခြင်းမရှိပါ။ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင်အသားဝါ၊ ပိုလီယိုရောဂါ၊ မေးခိုင်၊ (ကိုယ်ဝန်ဆောင်ကာလအတွင်း)၊ ဝက်သက်ရောဂါ စသည့်ကာကွယ်ဆေးများ ထိုးနှံမှုရှိပြီး အာဟာရမှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) နှင့် အာဟာရပညာပေး အစီအစဉ်များလည်းရှိပါသည်။

(၂.၈.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာ အဝေး (မိုင်)	အခန်း/ ကုတင် (လုံလောက်မှုရှိ /မရှိ)	ကျန်းမာရေး ဝန်ထမ်းဦးရေ	ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု)	မှတ် ချက်
ကျေးလက် ကျန်းမာရေး ဌာန	(၅)မိုင်	မရှိ	ကျန်းမာရေးမှူး- သားဖွားဆရာမ - အရံသားဖွားဆရာမ- ကြီးကြပ် (၁) - ကြီးကြပ် (၂) - တိုင်းရင်းဆေးကု- အရပ်လက်သည်-	မရှိ	
တိုက်နယ် ဆေးရုံ	-	မရှိ	ဆရာဝန် - လ/ထ - ကျန်းမာရေးမှူး- သူနာပြု -	မရှိ	

ကျန်းမာရေးဝန်ဆောင်မှု	ခရီးအကွာအဝေး (မိုင်)	အခန်း/ကုတင် (လုံလောက်မှုရှိ /မရှိ)	ကျန်းမာရေးဝန်ထမ်းဦးရေ	ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု)	မှတ်ချက်
			သားဖွားဆရာမ- အရံသားဖွားဆရာမ- ဓာတ်ခွဲကျွမ်းကျင်-		
မြို့နယ်ဆေးရုံ	(၁၂) မိုင် (၅) ဖာလုံ	ရှိ	ဆရာဝန် - လ/ထ - ကျန်းမာရေးမှူး- သူနာပြု - သားဖွားဆရာမ - အရံသားဖွားဆရာမ- ဓာတ်ခွဲကျွမ်းကျင်-	ရှိ	
ဆေးဆိုင်	-	-	ဆေးဝါးကျွမ်းကျင်သူ-	လက်လှမ်းမှီမှု-- ဆေးဝါး-- သိုလှောင်ပုံစနစ်- အအေးခန်းစနစ်-	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ကျေးရွာသည် ကျေးလက်ကျန်းမာရေးဆေးပေးခန်း မရှိသည့်အတွက် ဆင်ခေါင်းကျန်းမာရေးဌာနသို့ သွားရောက်ကုသမှုခံယူရပါသည်။ ရွာမှခရီး အကွာအဝေး (၅)မိုင်ဖြစ်ပြီး ကျန်းမာရေးဝန်ထမ်းဦးရေမှာ (၃)ဦးရှိပါသည်။ ဆေးနှင့် ပတ်သက်သော အသုံးဆောင်ပစ္စည်းများ လုံလောက်မှုမရှိပါ။ မြို့နယ်ဆေးရုံသည် ရွာနှင့် (၁၂)မိုင်(၅)ဖာလုံ ကွာဝေးပြီး အခန်းကုတင် လုံလောက်မှုရှိပါသည်။ ဆေးနှင့် ပတ်သက်သော အသုံးဆောင်ပစ္စည်းများ လုံလောက်မှုရှိပါသည်။ အနီးဆုံးဆေးဆိုင်နှင့် (၁၂)မိုင်(၅)ဖာလုံ ကွာဝေးပြီး ဆေးနှင့် ပတ်သက်သော အသုံးဆောင်ပစ္စည်းများ လုံလောက်မှုရှိပါသည်။

(၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၂.၉.၁) သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

ရေရရှိနိုင်မှု	အရေအတွက်	အကောင်း/အဆိုး	လက်ရှိ/လုံလောက်မှု			အခြား
			နွေ	မိုး	ဆောင်း	
ရေတွင်း			-	-	-	-
အဝိစိတွင်း/စက်တပ်	၂၆၁	ကောင်း	✓	✓	✓	-
အဝိစိတွင်း/တုံကင်	-	-	✓	✓	✓	-
မိုးရေသိုလှောင်ကန်	၂၅၂	သင့်	-	-	-	-
မြစ်/ချောင်း	၁	သင့်	-	-	-	-
ရေကန်	-	-	-	-	-	-
စိမ့်စမ်းရေသွယ်တန်းခြင်း	-	-	-	-	-	-
အခြား	-	-	-	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ရွာတွင် အများမှ လှူဒါန်းသော အဝိစိတွင်း/စက်တပ်(၃)တွင်းရှိပြီး တစ်ရွာလုံး အသုံးပြုကြပါသည်။ မိုးရေသိုလှောင်ကန်ကိုလည်း အများအားဖြင့် အသုံးပြုကြပြီး ချောင်းရေကိုလည်း အနည်းငယ်အသုံးပြုကြပါသည်။ သို့သော် မိုးရာသီ၌သာ ရရှိပြီး ကျန်ပွင့်လင်းရာသီမှာ မရရှိပါ။

(၂.၉.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သောအိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု	ရှင်းလင်းချက်
ယင်လုံအိမ်သာ	၁၇၆	ကျန်းမာရေးဗဟုသုတရှိခြင်းကြောင့် ယင်လုံအိမ်သာ သုံးစွဲခြင်း
ကျင်းအိမ်သာ	-	-

သုံးစွဲနိုင်သောအိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု	ရှင်းလင်းချက်
မြေပေါ် အိမ်သာ	-	-
တောထိုင်	၂	ငွေကြေးမတတ်နိုင်
စုစုပေါင်း	**၁၇၈**	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ကျေးရွာတွင် ကျန်းမာရေးဗဟုသုတရှိခြင်းကြောင့် ယင်လုံအိမ်သာသုံးစွဲသော အိမ်ထောင်စုမှာ (၁၇၆)စုရှိပြီး ကျန်အိမ်ထောင်စု(၈၃)စုမှာ မိသားစုဝင်များနှင့် တွဲဖက်သုံးစွဲကြပါသည်။ တောထိုင်သုံးစွဲသော အိမ်ထောင်စု(၂)စုမှ ကျန်းမာရေးဗဟုသုတနည်းခြင်းနှင့် ငွေကြေးမတတ်နိုင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

(၂.၁၀) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဇယား (၃၉) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

#	ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ	ရှိ	မရှိ	မှတ်ချက် / သုံးသပ်ချက်
၁	ကျေးရွာ စီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီးတက်ကြွစွာ ပါဝင်မှု/ ခေါင်းဆောင်မှု	✓		-
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်း များတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင် ဆောင်ရွက်မှု	✓	-	-
၃	လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယ ဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ	-	✓	တရားဥပဒေ စိုးမိုးသော ကျေးရွာဖြစ်သည့်အတွက်
၄	အမျိုးသမီးရေးရာ အကြမ်းဖက်မှုများ အတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာ များအတွက် လူထု၏ အသိအမြင်ရှိမှု	✓	-	တီဗွီ၊ ရေဒီယို သတင်းများ နားထောင်၍ ဗဟုသုတ ရှိခြင်း
၅	အခြား (ရှိလျှင်)	-	-	-

ရင်းမြစ်... (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ကျေးရွာတွင် ကျား-မ ရေးရာကိစ္စများတွင် ကျေးရွာစီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်မှုရှိပါသည်။ အမျိုးသမီးများ အခန်းကဏ္ဍတွင်လည်း ပါဝင်ခွင့်ပေးထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင်ရွက်မှုများရှိပါသည်။ လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့)တိုင်ကြားမှုများမရှိပါ။ အဘယ်ကြောင့်ဆိုသော် တရားဥပဒေစိုးမိုးသော ကျေးရွာဖြစ်သည့်အတွက် တိုင်ကြားမှုမရှိပါ။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှုမှာ တီဗွီ၊ ရေဒီယိုသတင်းများ နားထောင်၍ ဗဟုသုတ ရှိကြပါသည်။

(၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ

(၂.၁၁.၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဧယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်း အမျိုးအစား	အမျိုးအစား (၁/၂/၃)	ကောင်း/ဆိုး	တည် ဆောက် ခဲ့သောနှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု		လမ်းအရှည် (မိုင်)
				ပွင့်လင်း ရာသီ	တစ်နှစ် ပတ်လုံး	
ရွာတွင်းလမ်း	၁	ကောင်း	-	-	✓	ပေ ၁၀၀၀
ချဉ်းကပ်လမ်း	-	-	-	-	-	-
ရွာချင်းဆက်လမ်း	၁	ကောင်း	-	-	✓	၂ မိုင်
အခြား	-	-	-	-	-	-

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကတ္တရာလမ်း/ကွန်ကရစ်လမ်း - ၃

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ကျေးရွာ၏ လမ်းတည်ရှိမှုမှာ ရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်ပြီး ကောင်းသင့်သလောက် ကောင်းပါသည်။ ရာသီအလိုက်သုံးစွဲနိုင်မှုမှာ

တစ်နှစ်ပတ်လုံးသုံးစွဲရပြီး လမ်းအရှည်မှာ ပေပေါင်း(၁၀၀၀)ရှိပါသည်။ ရွာချင်းဆက်လမ်းသည်လည်း မြေသားလမ်းဖြစ်ပြီး ဆိုးပါသည်။ ရာသီအလိုက်သုံးစွဲနိုင်မှုမှာ တစ်နှစ်ပတ်လုံးသုံးစွဲရပြီး လမ်းအရှည်မှာ ၂ မိုင်ခန့်ရှိပါသည်။

(၂.၁၁.၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

တံတား အမျိုးအစား	အရွယ်အစား	ကောင်း/ ဆိုး	တည်ဆောက် ခဲ့သောနှစ်	အသုံးပြုနိုင်သည့်ရာသီ	
				ပွင့်လင်းရာသီ	တစ်နှစ်ပတ်လုံး
ဆိပ်ခံတံတား	–	–	–	–	–
ကွန်ကရစ်တံတား	ပေ ၁၅၀	ကောင်း	–	–	✓
ကြိုးတံတား	–	–	–	–	–
ရေပြွန်	အနံ ၅၀ပေ၊ အလျား ၆ပေ	–	–	–	✓
အခြား	–	–	–	–	–

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ တံတားတည်ရှိမှုမှာ ကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး အရွယ်အစားမှာ ပေ ၁၅၀ ရှိပြီး ကောင်းမွန်မှုရှိပါသည်။ တစ်နှစ်ပတ်လုံးသုံးစွဲနိုင်ပါသည်။ ရေပြွန်တံတား(၁)ခုရှိပြီး အရွယ်အစားမှာ အနံ ၅၀ ပေ၊ အလျား ၆ ပေရှိပါသည်။ တံတားတည်ရှိမှုအခြေအနေမှာလည်း ကောင်းပါသည်။ တစ်နှစ်ပတ်လုံးသုံးစွဲနိုင်ပါသည်။

(၂.၁၁.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (မိုင်)	ယာဉ် အမျိုးအစား	ရာသီအလိုက် သုံးစွဲနိုင်မှု	
			ပွင့်လင်းရာသီ	တစ်နှစ်ပတ်လုံး
မြစ်ကြောင်း	-	-	-	-
ပင်လယ်ရေကြောင်း	-	-	-	-
အခြား	-	-	-	-

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ - လှေ၊ သမ္ဘာန် ၂ - မော်တော် ၃ - သင်္ဘော

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ ကျေးရွာအနေဖြင့် ရေကြောင်း သယ်ယူ ပို့ဆောင်ရေး အသုံးပြုမှုမရှိပါ။

(၂.၁၁.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုး အစား	စက်လှေ	လှေ၊ သမ္ဘာန်	စက်ဘီး	မော်တော် ဆိုင်ကယ်	သုံးဘီး ဆိုင်ကယ်၊ ထော်လာကျီ	ကား	မြင်း လှည်း	နွားလှည်း
အရေအတွက်	-	-	၂၀	၁၇၀	၁၁	၁၁	-	၁၂၃

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးယာဉ်များမှာ စက်ဘီး (၂၀)စီးရှိပြီး မော်တော်ဆိုင်ကယ်(၁၇၀)စီးရှိပါသည်။ ထို့ပြင် သုံးဘီးဆိုင်ကယ် (၁၁)စီးနှင့် ကား(၁၁)စီး ရှိပြီး နွားလှည်း (၁၂၃)စီးရှိပါသည်။

(၂.၁၂) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့)	အခက်အခဲရှိ/မရှိ
မဟာဓာတ်အားလိုင်း	၂၆၁	-	-

ရင်းမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့)	အခက်အခဲရှိ/မရှိ
ဆိုလာစနစ်	-	-	-
အသေးစားရေအားလျှပ်စစ်	-	-	-
ဒီဇယ်သုံးအင်ဂျင်	-	-	-
လေစွမ်းအင်	-	-	-
ဇီဝလောင်စာ	-	-	-
အခြား	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ကျေးရွာတွင် မဟာဓါတ်အားလိုင်းမှ အိမ်ထောင်စု (၂၆၁)စုအတွက် မီးရရှိသုံးစွဲနိုင်ပါသည်။

(၂.၁၃) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ	ဂြိုလ်တုစလောင်း	အခြား
အရေအတွက်	၃၅၈	၈၅	၅၁	၂	၁၉

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ကျေးရွာ၏ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ရယူရန် ဖုန်း(၃၅၈)လုံး၊ ရေဒီယို (၈၅)လုံး၊ တီဗွီ (၅၁)လုံးနှင့် ဂြိုလ်တုစလောင်း (၂)လုံးရှိပါသည်။ ထို့ပြင် အခြား အသံချဲ့စက် (၂)လုံးနှင့် Set Top Box (၁၇)လုံးရှိပါသည်။

(၂.၁၄) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

လုပ်ငန်းအမည်	ဝန်ဆောင်မှု
အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု	မရှိ
လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု	ပါဝင်သင့်သလောက်

လုပ်ငန်းအမည်	ဝန်ဆောင်မှု
ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု	ရှိ
အားကစားပစ္စည်းများအား လက်လှမ်းမီမှု	မရှိ
ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု	ပါဝင်သင့်သလောက်
ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေး	ရှိ
စာကြည့်တိုက်၊ အင်တာနက်စသည်များအား လက်လှမ်းမီမှု	ရှိ

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျွန်မတို့ကျေးရွာတွင် အပန်းဖြေသည့်နေရာများ လက်လှမ်းမှီမှုမရှိပါ ။ လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှုရှိပါသည်။ ဘာသာရေးလုပ်ငန်းများတွင်လည်း ပါဝင်သင့်သလောက် ပါဝင်မှုရှိပါသည်။ ဘာသာရေးလုပ်ငန်းများတွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ အားကစားပစ္စည်းများအား လက်လှမ်းမီမှုမရှိပါ။ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း ဘာသာရေးလုပ်ငန်းများတွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေးမှာလည်း အလေးထားဆောင်ရွက်ပါသည်။ စာကြည့်တိုက်၊ အင်တာနက်စသည်များအား လက်လှမ်းမီမှု ရှိပါသည်။

(၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

(၂.၁၅.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဝန်ဆောင်မှုများ	ရှင်းလင်းချက်
ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦ များအား လက်လှမ်းမီမှု	ရှိ
အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု	မရှိပါ
လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအစဉ်	ရှိ
ရဲစခန်းများအား လက်လှမ်းမီမှု	ရှိ
အခြား	-

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

လေ့လာတွေ့ရှိချက်။ ။ ချောင်းကောက်ကျေးရွာတွင် ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦးများလက်လှမ်းမှီမှုရှိပါသည်။ အာမခံလုပ်ငန်းများ လက်လှမ်းမမှီပါ။ လူထု အခြေပြု သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအစဉ်မှာ အရံသတ်မီးသတ်တပ်ဖွဲ့ ရှိပါသည်။ ရဲစခန်းများအား လက်လှမ်းမီမှုရှိသော်လည်း အလှမ်းဝေးပါသည်။

(၂.၁၅.၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

	လူကုန်ကူးမှု	ခိုးမှု	မူးယစ်ဆေးသုံးစွဲမှု	အကြမ်းဖက်မှု
စိုးရိမ် /သာမန်	-	-	-	-

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

မှတ်ချက် - စိုးရိမ် = ၁၊ သာမာန် - ၂

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ ကျေးရွာသည် တရားဥပဒေစိုးမိုးသည့်ကျေးရွာဖြစ်ခြင်းကြောင့် လူကုန်ကူးမှု၊ ခိုးမှု၊ မူယစ်ဆေးသုံးစွဲမှုနှင့် အကြမ်းဖက်မှုများ မရှိပါ။

ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	**လမ်းပန်းဆက်သွယ်ရေးကဏ္ဍ**					
	• ရွာတွင်းလမ်းများ မကောင်းခြင်း	• မြေသားလမ်းများဖြစ်နေခြင်း • လမ်းများညီညာမှုမရှိခြင်း • မိုးရွာသွန်းခြင်းကြောင့် ဗွက်ထခြင်း/ ရေအိုင်ဖြစ် ခြင်း	• လမ်းပန်းဆက် သွယ်ရေးကောင်းမွန်လျှင် သွားရေးလာရေးအဆင်ပြေ ချောမွေ့နိုင်ခြင်း • ကျောက်စရစ်များ အလွယ်တကူဝယ်ယူရရှိနိုင်ခြင်း • ကျေးရွာဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးနေသည့် ဦးစီးဌာနများ ရှိနေခြင်း	• ကိုယ်ထူကိုယ်ထ ဆောင်ရွက်ရန်ငွေကြေးမတတ်နိုင်ခြင်း • ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်မှု အားနည်းခြင်း	• လမ်းကော်မတီဖွဲ့စည်းခြင်း • ရန်ပုံငွေများစုဆောင်းကောက်ခံခြင်း • ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း • ကျေးရွာလူထုမှ ပါဝင်ဆောင်ရွက်ခြင်း	• **ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း** - လမ်းကော်မတီဖွဲ့စည်းခြင်း - ရန်ပုံငွေများစုဆောင်းကောက်ခံခြင်း - သက်ဆိုင်ရာကော်မတီများနှင့်ချိတ်ဆက်အကူအညီတောင်းခံခြင်း - ကျေးလက်ဦးစီးနှင့် ချိတ်ဆက်အကူညီတောင်းခံခြင်း
၂	**ရေကောင်းရေသန့်ရရှိရေးကဏ္ဍ**					
	• ရေအရည်အသွေးကောင်းမွန်မှုမရှိခြင်း • သောက်သုံးရေလုံလောက်မှု မရှိခြင်း	• နည်းပညာ အခက်အခဲရှိခြင်း • ကျေးရွာသူ/သားများ ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားခြင်း • ငွေကြေးမတတ်နိုင်ခြင်း	• ကျေးလက်ဦးစီးဌာန နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း • ပြင်ပအလှူရှင်များရှိခြင်း	• ရေသပ်စက်တပ်ဆင်ရန် နည်းပညာ အခက်အခဲရှိခြင်း • ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်မှု အားနည်းခြင်း • အလှူရှင်များနှင့်	• ပြင်ပအလှူရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း • ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ စက်ရေတွင်းတူးဖော်ခြင်း	• **ရေသန့်စင်စက် တပ်ဆင်ခြင်းနှင့် စက်ရေတွင်းတူးဖော်ခြင်း** - ရေကော်မတီဖွဲ့စည်းခြင်း - အလှူရှင်များနှင့်ချိတ်ဆက်အကူညီတောင်းခံခြင်း - သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်အကူညီတောင်း

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
		• လက်ရှိရေတွင်းကိုသာ မှီဝဲ၍ သုံးစွဲရခြင်း		ချိတ်ဆက်မှုအား နည်းခြင်း		ခံခြင်း
၃	**ကျန်းမာရေးကဏ္ဍ**					
	• ကျေးလက် ဆေးပေးခန်း မရှိခြင်း	• ကျေးလက်ကျန်းမာ ရေးဌာန(ခွဲ)မရှိခြင်း • အချိန်မီကုသနိုင်မှုအား နည်းခြင်း • ငွေကြေးမတတ် နိုင်ခြင်း	• ကျန်းမာရေးဦးစီးဌာန ရှိနေခြင်း • ပရဟိတလူငယ်အဖွဲ့ ရှိနေခြင်း	• မြို့နှင့် အလှမ်းဝေးကွာ ခြင်း • ဆေးပေးခန်း ဆောက်လုပ်ရန်ရန်ပုံ ငွေမရှိခြင်း • ကျန်းမာရေးဗဟု သုတများ လိုက်စားမှု အားနည်းခြင်း	• ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက် ခြင်း • NGO၊ INGOအဖွဲ့ အစည်း၊ ပြင်ပအလှူရှင်များနှင့် ချိတ်ဆက်အကူအညီ တောင်းခံခြင်း	• **ကျေးလက်ဆေးပေးခန်း တည်ဆောက်ခြင်း** - ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက် ခြင်း - ကျန်းမာရေးဝန်ထမ်းများ လုံလောက်စွာခန့်ထားနိုင်ရေး တင်ပြတောင်းဆိုခြင်း - ကျန်းမာရေးအသိပညာပေး သင်တန်းများ ဖွင့်လှစ်ခြင်း
၄	**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ**					
	• အမှိုက်သိမ်းယာဉ် လိုအပ်ခြင်း	• ငွေကြေးမတတ်နိုင် ခြင်း	• အလှူရှင်များ ရှိခြင်း • ကျေးရွာမှ ဦးစီးဦးဆောင် မည့် လူငယ်များ ရှိခြင်း • ကျေးရွာဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးနေသည့် ဦးစီးဌာနများ ရှိနေခြင်း	• ကျေးရွာသူ/သားများ ဗဟုသုတ အားနည်း ခြင်း	• NGO၊ INGOအဖွဲ့ အစည်း၊ ပြင်ပအလှူရှင်များနှင့် ချိတ်ဆက်အကူအညီ တောင်းခံခြင်း • စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု အသိပညာပေးဟောပြော ပွဲများ ပြုလုပ်နိုင်ရေး ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း	• **အမှိုက်သိမ်းယာဉ် ဝယ်ယူခြင်း** - စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှု ကော်မတီဖွဲ့စည်းခြင်း - ရန်ပုံငွေများစုဆောင်း ကောက်ခံခြင်း - NGO၊ INGOအဖွဲ့အစည်း၊ ပြင်ပအလှူရှင်များနှင့် ချိတ်ဆက်အကူအညီ တောင်းခံခြင်း - ကျေးရွာသူ/သားများ စနစ်တကျ အမှိုက်

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
						စွန့်ပစ်နိုင်စေရေး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း